
mgyoe.com
SAMPLE BOOK



# နန္ဒသူ
# တာရာဒေဝီ

(ပုဂံရာဇဝင်ဝတ္ထု။)

mgyoe.com

mgyoe.com SAMPLE BOOK



# နန္ဒသူ

# တာရာဒေဝီ

(ပုဂံရာဇဝင်ဝတ္ထု)

ပယ်တော်. . . နေရစ်ဦးလော့။ ကျွန်ုပ် သွားရချေတော့မည်။

ရှိစေဦး။ ပယ်တော်သည် မြင့်မြတ်သည့် နေရာသို့ မရောက်သေးသမျှ ကာလပတ်လုံး လောက၌ သေမင်း ကြီးစိုးချေအံ့။

ပယ်တော်. . .။ မြင့်မြတ်ရာသို့ ကျွန်ုပ် မုချ ဆောင်ကြဉ်းပါမည် ပယ်တော်။ ဤသို့ ဆောင်ကြဉ်းခြင်းကြောင့် လူ့အသက်တွေ ရာကုဋေ စတေးရပါစေ။ ကျွန်ုပ် စတေးပါတော့အံ့။

တဂျာတဂျာနီသော လူသွေးပင်လယ်တွင် ပယ်တော်ပျော်ရွှင်စွာ ကူးလူးကူးခတ် စံပယ်ပါလေလော့။

ကျွန်ုပ်သည် ညဉ့်အမှောင်ထဲသို့ ထွက်လိုက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

[redacted]

အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - လင်းဝဏ္ဏ
တန်ဖိုး - ၂၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ကာရာဒေဝိ

မိုးနှိုသူ

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၉၁၈၃၇ ၊ ၀၉ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com
http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ပထမဆုံး ကံဆိုးသူ

ဒီဟာကိုတော့ ကျွန်ုပ်ရမှ ဖြစ်ချိမ့်မည်။

ကျွန်ုပ်၏ အသက်ကိုတည်း စတေးရသည် ဖြစ်စေ၊ သူတစ်ပါးတို့၏ အသက်ကိုတည်း စတေးရသည် ဖြစ်စေ ရအောင် တားယူရမည်။

မယ်တော်သည် မှောင်ထဲတွင် ကျွန်ုပ်ကို စိုက်ကြည့်နေသည်။ လျှို့ဝှက်ဖုံးကွယ်ခြင်းတည်းဟူသော အနက်ရောင်သည် တစ်ကိုယ်လုံးကို လွှမ်းထား၏။ မယ်တော်၏ မျက်ဆန်မပါသော မျက်လုံးများသည် အရာခပ်သိမ်းကို မြင်နိုင်စွမ်းသည်။

နဖူးစည်း သရဖူတွင် အဖိုးတန် ကျောက်မျက်တို့သည် တလက်လက် အရောင်ပြေးနေကြ၏။ ကြော့ရှင်းသော လည်တိုင်တစ်ဝိုက်တွင်ကား လူခေါင်းခွံများ သီ၍ ဆွဲထားသည်။ နားတောင်းကား လူ၏ ဒူးရိုးတည်း။ ခါးစည်းကြိုးသည် ရစ်ခွေ လိမ်ယှက်ထားသော မြွေတစ်ကောင်ဖြစ်ပြီး လူသေများ၏ လက်များသည် ခါးစည်းကြိုးမှ တွဲရရွဲ ကျ၍ ပတ်ချာဝိုင်းနေကြ၏။ ဖြိုးကြွသော ရင်အုံပေါ်တွင်ကား မယ်တော်ကြိုက်တတ်သော လူ့သွေးကွက်တို့ စွန်းထင်းနေသည်။

လက်လေးချောင်းသည် ရဲရဲဝှံ့ဝှံ့ စွင့်ကားနေကြ၏။ လက်တစ်ဖက်တွင် ယဇ်ဓားကို မြှောက်ကိုင်ထားပြီး လက်တစ်ဖက်တွင် လူ၏ ဦးခေါင်းပြတ်ကို ဆံမှ ဆုပ်ဆွဲထားသည်။ လက်တစ်ဖက်ကား မိုးကောင်းကင်ဆီသို့ လက်ညှိုးထိုးထားပြီး ကျန်လက်တစ်ဖက်ကား လက်ဝါးဖြန့်၍ မြေသို့ စိုက်ပြထားသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


မိုးနှင့်မြေ အကြားတွင် မယ်တော်သည် ထာဝစဉ် စံပယ်နေပြီး သုဂတိနှင့် ဒုဂ္ဂတိဘုံများသို့ သွားနေကြသော လူများကို ကြည့်နေသည်။ ကောင်းမှု ပြုသူရော၊ မကောင်းမှု ပြုသူရော မယ်တော့်အတွက်ကား အထူးမရှိချေ။ လူတွေ အားလုံးဆီမှ မယ်တော် လိုချင်သည်မှာ တစ်ခုတည်းသာ ဖြစ်ချေ၏။

ယင်းတစ်ခုတည်းသော်ကား သွေးပင် ဖြစ်သတည်း။

သို့သော် … အဖိုးအနဂ္ဃ ထိုက်တန်လှသော လူ့သွေးသည် မြေပြင်ပေါ်တွင် ပြန့်ကျဲကျရောက်ခြင်းကိုကား မယ်တော် မလိုလား။ မယ်တော်၏ အပေါ်သို့ သွေးဘိသိက် မသွန်းနိုင်ချေသော် အသက်ဖြင့် ပူဇော်ရချေ၏။

မယ်တော်ရှိရာကို ကျွန်ုပ် သိသည်။ ကျွန်ုပ် မကြောက်ရွံ့ပါ။

မယ်တော်ကို ကျွန်ုပ် မကြောက်ရွံ့ပါ။ အကြောင်းသော်ကား မယ်တော်သည် ကျွန်ုပ်၏မိခင် ဖြစ်သည်။ လူသတ္တဝါအပေါင်း၏မိခင် ဖြစ်သည်။

မယ်တော်သွားလေရာတွင် သေခြင်းတရား ထင်ရှား၏။ မယ်တော်သည် ကြင်ရာတော် ပရမီသွာ နတ်မင်းကဲ့သို့ပင် 'သေမင်းကကြိုး' ကို ကခုန်တတ်သူ ဖြစ်ပေသည်။ မယ်တော်၏ ရင်ခွင်ထဲမှ လိုက်ပါမှ သေခြင်းကင်းသော သံသရာ တစ်ဖက်ကမ်းသို့ ရောက်မည်။

မယ်တော် … ၊ မယ်တော်သည်ကား မှောင်မိုက်လောက၏ အရှင်၊ လျှို့ဝှက်မှု အပေါင်း၏ ထီးဖြူဆောင်း မဟေသီ တာရာဒေဝီပင် ဖြစ်သတည်း။

ယင်းမယ်တော်သည် ကျွန်ုပ်ကို မှောင်ထဲတွင် ကြည့်နေသည်။ ကျွန်ုပ် အစဉ်းသိပါသည်။ မယ်တော်သည်ကား ကျွန်ုပ်၏ အလာကို စောင့်ဆိုင်းနေပေသည်။ မယ်တော်ထံကို လက်လှမ်းလိုက်ရုံသာ ရှိသည်။ လက်လှမ်းလိုက်ပြီးလျှင်ကား မယ်တော်ကို ကျွန်ုပ် ပိုင်ဆိုင်ရတော့မည် ဖြစ်သည်။ ယုတ်နိမ့်သော ဒေသမှသည် မယ်တော်ကို သန့်ရှင်းမွန်မြတ်သော ဒေသသို့ ဆောင်ကြဉ်းထားရှိရတော့မည်။

ရော … ၊ တံခါးပေါက် အပြင်ဘက်ဆီမှ ချိုးချိုးချွတ်ချွတ် ကြားသည်။

ကျွန်ုပ်သည် နံရံတစ်လျှောက် ကပ်၍ သွားပြီး ခေါင်းရင်းဘက် ပြတင်းကဲလားကို အသာ တွန်းလိုက်သည်။ လမိုက်သော်လည်း ညဥ့်၏အလင်းရောင်သည် ရှိသေးသည်။

မယ်တော်ကို တစ်ချက်လှည့်ကြည့်မိ၏။ ညဥ့်၏ အလင်းရောင် ပြိုးတပြက်ကြောင့် မည်းနက်သော မယ်တော်၏ မျက်နှာမှာ လက်ခနဲ ဖြစ်သွားသည်။

ကျွန်ုပ်သည် ခဏမျှ ရပ်၍ နားကို စွင့်မိ၏။

ခွေးကတက် ကြမ်းပြင် သိမ့်ခနဲ ဖြစ်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK


မယ်တော်ကို ရယူဖို့အတွက် ကျွန်ုပ်သည် လူတစ်ဦး၏ အသက်ဖြင့် စတေးပူဇော်ခဲ့ပြီးပြီ။ ယခုရောက်လာသူသည် တစ်ဦးတည်းလော၊ အများလောကို ဝေခွဲ မသိရ။

မယ်တော် … နေရစ်ဦးလော့။ ကျွန်ုပ် သွားရချေတော့မည်။

ရှိစေဦး၊ မယ်တော်သည် မြင့်မြတ်သည့် နေရာသို့ မရောက်သေးသမျှ ကာလပတ်လုံး လောကဋ္ဌ သေမင်းကြီးစိုးချေအံ့။

မယ်တော်၊ မြင့်မြတ်ရာသို့ ကျွန်ုပ် မုချ ဆောင်ကြဉ်းပါမည် မယ်တော်။ ဤသို့ ဆောင်ကြဉ်းခြင်းကြောင့် လူ့အသက်တွေ ရာကုဋေ စတေးရပါစေ။ ကျွန်ုပ် စတေးပါတော့အံ့။

တျာတျာနီသော လူ့သွေး ပင်လယ်တွင် မယ်တော် ပျော်ရွှင်စွာ လူးလာ ကူးခပ် စံပယ်ပါလေလော့။

ကျွန်ုပ်သည် ညဥ့်အမှောင်ထဲသို့ ထွက်လိုက်ရသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ထုံဝင်တောင်ကြီးကား တောလယ်ကောင်တွင် မားမားမတ်မတ် တည်ရှိနေ၏။ အထွတ်ပိုင်းမှာ ကျောက်သားများ ပေါ်လွင်နေ၍ သစ်ပင်ပန်းမန် ကင်းနေသော်ငြားလည်း တောင်၏ ခါးလယ်ဆီမှသည် ခြေရင်းအထိ ဖြစ်သော အစိတ်အပိုင်းတွင်ကား ပင်ကြီး၊ ပင်ငယ် အသွယ်သွယ်တို့ ဖုံးအုပ်လျက်ရှိလေရာ စိမ်းလန်းစိုပြည်လျက် ရှိပေသည်။

တောင်ခြေတစ်ပိုက်တွင်လည်း ချုံနွယ်ပိတ်ပေါင်းများ ပေါက်ရောက်နေသည် ဖြစ်သောကြောင့် တောင်ပေါ်သို့ တက်ချင်လျှင်ပင် လမ်းရှာ၍ မလွယ်ကူနိုင်ချေ။

တောင်ခြေရင်း မြေပြန့်တစ်နေရာတွင် စမ်းရေအိုင်ကြီးတစ်ခု ရှိပေရာ ခရီးသွားတို့ မြင်လျှင် မရပ်မနားဘဲ မနေချင်စရာ သာယာလှ၏။ တောင်ရိပ်ကျ၍ ရေပြင်၏ အအေးဓာတ်မှာ ခရီးပန်းသူကို လန်းဆန်းစေသည့် အထဲတွင် တောပန်းကလေးများ၏ ကြိုင်သင်းသော ရနံ့ကလည်း ဆင့်လောင်း ဖြည့်စွက်ပေးထားလေရာ စမ်းရေအိုင် နံဘေးတွင် ခေတ္တခဏ ခရီးနားနေကြသူ လူရွယ်သုံးဦးအဖို့ ဆက်လက်၍ ခရီး မထွက်ချင်လောက်အောင် ဖြစ်ရသည်။

ခရီးသွား သုံးဦးမှာ မြင်းစီး ခရီးသည်များဖြစ်၍ သူတို့၏ မြင်းများမှာ အနားတွင်ပင် ရှိကြသည်။ သူတို့ကား ရေအိုင်ကြီးနံဘေးတွင် ခြေဆင်းလဲလူ ထိုင်နေကြ၏။ ဝတ်စားဆင်ယင်ပုံမှာ ပုဂ်္ဂိုလ်စစ်သည်တို့၏ အဝတ်အစား အပြည့်ပင် ဖြစ်ရာ ထူးထူးထွေထွေ အကဲခတ်နေစရာ မလိုချေ။ သုံးဦးအနက် တစ်ယောက်တွင်

mgyoe.com

mgyoe.com SAMPLE BOOK


လွယ်ထားသည့် ဓားရှည်ကြီးမှာ ကျောက်စီရိုးတပ် ဖြစ်သောကြောင့် ထိုအထဲတွင် သူသည် အကြီးအကဲဖြစ်ရမည်။ ထို့ပြင် ထိုသူသည် စစ်မှုထမ်းရာ၌ ရာထူး ဌာနန္တရ သေးငယ်သူ မဟုတ်ဘဲ ဘုရင့်ထံမှောက်သို့ ပေါက်ရောက်နိုင်သူ ဖြစ်ကြောင်းကိုကား မပြောဘဲနှင့် သိသာနိုင်ချေသည်။

သူသည် အသက် နှစ်ဆယ့်ခုနစ်နှစ်ခန့် ရှိသည်။ အရပ်မြင့်မြင့်၊ အသားညိုညို နှင့် စစ်မှုထမ်းသက် ရင့်သူပမာ ကိုယ်လုံးကိုယ်ဖန် တောင့်တင်း ခိုင်မာသည်။ နှုတ်ခမ်းမွေး စစကာ သူ့ကို ပို၍ ရင့်စေ၏။ ထူထပ်သော မျက်ခုံးကြီး နှစ်ခုအောက်မှ စူးရှသော မျက်လုံးများသည် အရာရာကို ဖောက်ထွင်းမြင်နိုင်စွမ်း ရှိသူဟု ထင်လောက်စရာ ရှိသည်။ သူသည် ထောင်ထားသော ဒူးနှစ်ဖက်ပေါ်တွင် လက်များကို ယှက်တင်၍ လက်ထဲမှ မြက်ပင်ရိုးကလေး တစ်ခုကို ချာလပတ် လှည့်နေသည်။

သူတို့သည် သုံးပွင့်ဆိုင် ထိုင်နေကြ၏။ ထိုအခိုက် တစ်ယောက်သော သူသည် ပတ်ဝန်းကျင် သစ်ပင်ကြီးများနှင့် တောတောင်တို့ကို လှည့်ကြည့်ပြီး ပြောလိုက်၏။

"တော်တော်သာယာတဲ့ နေရာကလေးပဲ၊ ခွဲတောင် မခွဲချင်ပေါင်၊ ကျုပ်တို့ ပေါက္ကံမှာ ကြင်ဆွေ အိမ်သူတွေ ကျန်ရစ်ခဲ့ရတော့လည်း လွမ်းရသေးသည်။ ရောက်လေရာ ချည်တိုင်မပြုဝံ့ဘူး။ ဗိုလ်မြတ်ရာတို့တော့ ချည်တိုင်မဲ့ဆိုတော့ ဘယ်ရွာမှာ ကြင်ဖော်တွေ့ပြီး မွေ့နေရစ်မယ် မသိ"

သူသည် ကျောက်စီဓားလွယ်နှင့် လူကို ရိသဲ့သဲ့ ပြောခြင်းဖြစ်၍ သူ့မျက်လုံးများကပါ ဗိုလ်မြတ်ရာဆီသို့ ဝေ့ကြည့်သည်။ သို့သော် ဗိုလ်မြတ်ရာ၏ ဣန္ဒြေသည် တစ်ရွေးမျှ မလျော့ပါးဘဲ သက်ပြင်းကိုသာ တစ်ချက် ချလိုက်သည်။

"မပြည်စမ်းပါနဲ့ တေပိုရယ်၊ ရေမြေ့ရှင်ရဲ့ ဝတ်တန်းက ကျေသေးတာ မဟုတ်ဘူး"

ဤတွင် ဘာတစ်ခွန်းမျှ ဝင်မပြောသေးသော သူက ဝင်ပြော၏။

"သို့ပေမဲ့ ဗိုလ်မြတ်ရာရယ်၊ တေပို ပြည်မယ်ဆိုလည်း ပြည်စရာပါပဲ။ ဒေသက အင်မတန် ကြည်နူးဖွယ်ပေကိုး။ ပြီးတော့ ရေမြေ့ရှင် ဝတ်တန်းဆိုတာ ကလည်း ကျေလုနေပြီပဲ။ ခုံညားတဲ့ နယ်မြေဒေသတွေ တော်တော်ရောက်ရှိ ကုန်ကျွမ်းခဲ့ပြီကော။ ဒီက လောင်းသည်ရွာလောက်ပဲ ရွာကြီးကြီးဆို ကျန်တော့တာ"

ဗိုလ်မြတ်ရာကား မျက်နှာထားကို မပြေလျော့သေးဘဲ မတ်တတ်ရပ်လိုက်ပြီး ရှေ့လမ်းသို့ မှန်းမျှော်ဟန်နှင့် မှန်းကြည့်လိုက်သည်။ အချိန်ကား နံနက်လင်းဦးစ ဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"အညွှန်းအမှာအတိုင်း ဆိုရင် ရှေ့မှာ လောင်းသည့်ရွာဟာ သိပ်မဝေးနိုင်တော့ဘူး။ ဒါဟာ ထုံဝင်တောင် ဖြစ်မယ်။ သိကြားစမ်းလည်း တွေ့ရပြီပဲ။ သည်တော့ ခရီးဆက်ကြဦးမှ။ သို့မဟုတ်ရင် သန်လွဲက ခရီးစခဲ့ရတာ အလဟဿ ဖြစ်သွားမှာပေါ့။ အလို ... ဘယ်လိုပါလိမ့်"

သူ၏ နောက်ဆုံးစကားမှာ လွတ်ခနဲ ထွက်လာသည့် စကားဖြစ်သောကြောင့် ကျန်ရှိသော အဖော်နှစ်ယောက်သည် ဓားလက်ကိုင်များပေါ်သို့ လက်များကိုတင်လိုက်ရင်း ဗိုလ်မြတ်ရာ၏ မျက်နှာကို မော့ကြည့်ကြသည်။

တော်တော်ကလေး ကွာဝေးသော နေရာတွင် လူရိပ်တစ်ခုသည် ချုံကြားတစ်ခုထဲသို့ လျှိုးဝင် ပျောက်ကွယ်သွားသည်။ ဤသည်ကို ဗိုလ်မြတ်ရာ မြင်လိုက်ခြင်းဖြစ်ပေသည်။

ဗိုလ်မြတ်ရာသည် ထိုင်လျက်ပင် ရှိနေသေးသည့် အဖော်နှစ်ယောက်ကို ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီး -

"ငတပိုနဲ့ ငထွန်း၊ မောင်မင်းတို့ သည်နေရာမှာပဲ သတိနဲ့ နေရစ်။ ကျုပ် သွားစုံစမ်းမယ်။ အန္တရာယ်ကြီးတော့ ဟုတ်ဟန် လက္ခဏာ မရှိဘူး။ ဒါပေမဲ့လည်း သတိဆိုတာ ပိုတယ်မရှိလို့ သတိနဲ့ နေရစ်။ မြင်းတွေကိုလည်း ထိန်းသိမ်းထား။ အချက်ပေးရင် လိုက်ခဲ့ကြ"

ဟု ခပ်သုတ်သုတ်လေး မှာကြားပြီးသော် အနီးမှ တောချုံတစ်ခုကို လျှိုးဝင် ကွယ်ပျောက်သွားလေ၏။

မြတ်ရာသည် ချုံများကို သတိနှင့် တိုးရင်းက တွေးတောလာ၏။ ရိပ်ခနဲ မြင်လိုက်ရသူသည် တစ်ယောက်တည်းဖြစ်၍ အန္တရာယ် မကြီးလှဟု မိမိက ကောက်ချက်ချခဲ့၏။ သို့သော် ထိုတစ်ယောက်တည်းသောသူသည် မိမိတို့ကို လိုက်လံချောင်းမြောင်းနေသူ ဖြစ်လျှင်ကား အန္တရာယ်သည် ကြီးကောင်းကြီးမည်။

တစ်ခုတော့ ရှိ၏။

ဖျတ်ခနဲ မြင်လိုက်ရသည်ပင် ဖြစ်လင့်ကစား တစ်ဖက်လူသည် မိမိတို့ကို မြင်သည်မဟုတ်ဘဲ မိမိကသာ သူ့ကို မြင်လိုက်သည့် သဘောရှိသည်။ ဒါကိုတော့ သူ၏ စူးရှသော မျက်လုံးများက သတိပြုမိသယောင်ယောင် ရှိ၏။ ထိုသို့ဆိုလျှင် တစ်ဖက်သားသည် သူ့လမ်း သူသွားခြင်းလည်း ဖြစ်နိုင်၏။

မြတ်ရာသည် ထိုသူ ဦးတည်မည်ဟု ထင်သော ခရီးလမ်းကို ပန်း၍ ဖြတ်တက်ကာ ချုံကွယ်တစ်ခုဘေးတွင် ဝပ်၍ အသံဗလံကို နားထောင်လိုက်သည်။

တောင်ကို အနည်းငယ် တက်မိပြီဖြစ်သောကြောင့် မြေသည် တစ်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK


စောင်းနှင်းကြီး ဖြစ်နေ၏။ မြတ်ရာသည် မြေပေါ် လက်နှစ်ဖက်နှင့် ထောက်ကာ အားပြုထား၏။ ရုတ်တရက် ခုန်ထွက်ရလျှင် အမြင့်ပိုင်းကို တက်ရမည် ဖြစ်ကြောင်းကိုလည်း သတိထားနေသည်။

ထိုခဏတွင် ချိုးချိုးချွတ်ချွတ်အသံ ပေါ်လာကာ ချုံနွယ်များအကြားမှ ရုတ်တရက် မြင်လိုက်ရသည့် လူရိပ်သည် အလွန်နီးကပ်စွာပင် သူ့ချုံနားက သွက်သွက်ကလေး ကပ်၍ ဖြတ်သည်။ မြတ်ရာသည် ကျား၏ လျှင်မြန်မှုဖြင့် လွှားခနဲ ခုန်ထွက်လိုက်လေတော့၏။

"မိကရောပေါ့ဟဲ့"

"အမိ"

မြတ်ရာကား လက်နှစ်ဖက်နှင့် ကျုံးဖက်ထားမိသူကို ငုံ့ကြည့်မိသည်။ ဖြူဖွေးလှပသော မျက်နှာလေးသည် လည်ပြန် မော့ကြည့်နေ၏။

မြတ်ရာမှာ ကျောက်ဖြစ်သွားသလိုပင် ဖက်မြဲ ဖက်ထားရင်းက မျက်နှာ လဝန်း ရွှန်းပပကလေးကို ငေးကြည့်နေမိ၏။

စိုပြည်ပြည် နဖူးဖြူဖြူကလေးပေါ်တွင် နက်မှောင်သော ဆံလျှော်စကလေးများသည် တောလေအဝှေ့တွင် ကြည်မြွေစရာ ခုန်ပေါက်မြူးထူးနေသည်။ စိမ်းမြမြ မှောင်နေသော မျက်ခုံးနှစ်ခုအကြား မျက်မှောင်ဆီမှ ဖြောင့်စင်းသော နှာတံကလေးသည် ပေါ်ပေါ်လွင်လွင် ဆင်းလာခဲ့ပြီး ဝင့်ထည်သော နှုတ်ခမ်းများကို ငုံ့ကြည့်နေသည်။

ရာမမင်း၏ လေးကိုင်းကဲ့သို့ အပေါ်နှုတ်ခမ်းလေး နီတျာတျာ အောက်နားတွင် ခပ်ပွံ့ပွံ့ အောက်နှုတ်ခမ်းသည် မြတ်ရာ၏ အသည်းနှလုံးကို အရည်ပျော်စေသည်။ အသက်နှစ်ဆယ် မပြည့်သေးသူ၏ ပြည့်ဖြိုးသော ရင်အုံတို့သည် အထိတ်တလန့် ဖြစ်မှုကြောင့် ကြွ၍ ကြွ၍ တက်ကာ သိမ်းဖက်ထားသော မြတ်ရာ၏ လက်ဖျံတို့ကို တိုးနေကြ၏။

သို့သော် -

ပိတုန်းရောင်သို့ နက်မှောင် ကော့ညွတ်နေသော မျက်တောင်များ၏ အောက်မှ မျက်လုံးအစုံတို့သည်ကား ဝင်းလက်တောက်ပြောင်လှသည်။ မြတ်ရာကို ရဲရဲရင့်ရင့်ပင် စိုက်ကြည့်နေကြ၏။ နှုတ်ခမ်းလေးများသည်လည်း လှပသလောက် တင်းကျပ်နေကြသည်။

နဂါး၏အဆိပ်ကို သိထားသော နတ်မိမယ်ကလေးများလား။

ဥဿာ ပဲခူး ပျွမ်းစစ်သည်များ ထိပါး၍ နှိမ်နင်းရန် သွားခဲ့သော

mgyoe.com

mgyoe.com SAMPLE BOOK


သူရဲကောင်းတစ်ဦးဖြစ်သူ ကျန်စစ်မင်းသားနှင့် လိုက်ပါ၍ တိုက်ပွဲများ နွှဲခဲ့ဖူးသည်။ ဓညဝတီ မြောက်ပိုင်း ပျူမင်းများနှင့် ဆင်ရသော တိုက်ပွဲများတွင်လည်း ပါဝင်ခဲ့ဖူးသည်။ ဤမျှပင် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သော ဗိုလ်မြတ်ရာသည် ဤတစ်ချီကဲ့သို့ သော အတွေ့အကြုံမျိုးကို မဆုံခဲ့ဖူးရသည်ကား အမှန်။

ဓားသွားလှင်ကန် မြားတံ လှံသွားတို့ တဖွားဖွား ကျရောက်ရာ စစ်မြေပြင် ဒေသတွင်သော်မှ မြတ်ရာ၏ နှလုံးသွေးသည် ရဲရင့်စွာ လှုပ်ရှားခဲ့ပါ၏။ ယခုအချိန်တွင်ကား နှလုံးသွေးရပ်၍ မတ်တတ်က လဲပြိုရတော့မည်သို့ ရှိလှသည်။

ဖက်လိုက်တိုင်း နစ်ဝင်သွားသည့် ဖြူဖွေးဖွေး အသားစိုင်တို့သည်ကား နွေးထွေးလှသည်။

လုံမပျိုသည် ကိုယ်ကို အနည်းငယ် လွန့်လိုက်၏။

"အိုဘယ့် ပုဂံစစ်သည်၊ ကျောက်စီဓားကိုမှ အားမနာ၊ မိစ္ဆာလမ်းကို လိုက်ချင်လို့လား ရှင်ရယ်"

လုံမပျိုက တည်ငြိမ်သော လေသံနှင့် ပြောလိုက်မှ ဣန္ဒြေပျက်နေသော နှလုံးသွေးကြောင့် မြတ်ရာသည် ကိုယ့်လိပ်ပြာ ကိုယ်ရှက်မိကာ စကားကို ငြိမ်ငြိမ် ပြန်ပြောနိုင်လာ၏။

"နှမငယ်၊ မယ်မင်းအပေါ်မှာ အကောက်ကြံမယ် ရည်ရွယ်ရင်း မရှိပါဘူးလေ။ အနည်းငယ် စစ်မေးချင်တာ ရှိတာပဲ"

"ပြေလွှတ်ပြီး စစ်မေးရင် ပိုပြီး အရေးသာပါတယ်ရှင့်"

မြတ်ရာသည် ခဏတော့ တွေသွားသည်။ ပြီးနောက် ဦးခေါင်းကို ခါယမ်း မိလေသည်။

"မပြေဝံ့ဘူး နှမငယ်။ မင်းသွားပုံလာပုံဟာ သမင်မလေးတွေထက် မြန်ဆန်လှပါဘိတယ်။ အပြေမသိရခင် လက်လွတ်မှာ စိုးရိမ်လှပါတယ်"

"သည်လိုဆိုလည်း အမြန်မေးတော်မူပါ။ ကိုယ့်လမ်းကိုယ် သွားလိုလှပါပြီ"

"အိမ်း ... ကောင်းလှပြီ၊ မယ်မင်းက ဒီလောင်းသည်ရွာသူလား"

"ဩ"

"သည်တောထဲကို ဘောက်မဲ့ကြောင့် လာသလဲ"

"ဟင်းရွက် အရှာလာတာပါ"

"ကျုပ်ကို ဘယ်လို အကဲခတ်မိသလဲ"

"စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရ ခက်ပါတယ်ရှင့်"

mgyoe.com

mgyoe.com SAMPLE BOOK


"အထင်ရှိသရွေ့ ပြောပါဘိ နှမ"

"လုံမငယ် တစ်ယောက်ကို ဖက်မိတာနဲ့ မလွှတ်နိုင်တာဟာ သူရဲဘောနည်းလို့ရင် ဖြစ်ကောင်းတယ်၊ သို့မှမဟုတ်` ရာဂနိုင်ငံ လိုက်စားလွန်းသည် ထင်မှတ်ပါတယ်"

"အို ... သည်လို မထင်ကောင်းပါဘူး နှမရယ်။ မောင်ကြီး ဖြေလွှတ်ပါ့မယ်။ တစ်ခုတော့ ကတိထားပါဘိ"

"ထားရမယ့် ကတိစကားကိုသာ အမြန်ကြားပါရှင်"

"မောင်ကြီးဟာ သည်ရွာကြီးမှာ ရက်အနည်းငယ် တည်းခိုမှာပါ။ နောက်ကို မောင်ကြီးကို တွေ့တိုင်း ကြုံတိုင်း ရင်းရင်းနှီးနှီး ဆက်ဆံမယ် ဆိုတဲ့ ကတိစကားကို ထားနိုင်မလား"

လုံမပျိုသည် ဦးခေါင်းကိုညိတ်ပြီး မစောင့်နိုင်တော့သည့်အသွင်ဖြင့် မြတ်ရာ၏ လက်များကို ဖြုတ်ချသည်။

မြတ်ရာသည် အနည်းငယ် ပို၍ တင်းကျပ်စွာ ဖက်လိုက်၏။

"ကြုံကြိုက်ရတဲ့ ခဏတာ တိုတောင်းပါတယ် နှမ၊ သည်းညည်းခံပါဦး၊ နှမရဲ့ အမည်နာမကလေး သိပါရစေ"

လုံမငယ်သည် ဤတစ်ကြိမ်တွင် ပြုံးလိုက်၏။

"သူစိမ်း ဧည့်သည်ရှင်ကြီးရယ်၊ ရွာထဲရောက်လို့ အစိမ်းသွေး လျော့ပါးတော့လည်း သိကျွမ်းရတော့မှာပါ။ လုံမပျိုတစ်ယောက်ရဲ့ သိက္ခာကို ဘောက်မဲ့ကြောင့် ဖျက်ဆီးချင်ရပါဘိ"

တင်းမာနေသော မျက်နှာထားကလေးက ပြုံးလိုက်ပြန်တော့လည်း စစ်ရေးတွင်ကျယ်သလောက် အချစ်ရေးတွင် အမြင်ငယ်လှသည့် မြတ်ရာတစ်ယောက်မှာ နှလုံးသား ပျော့ညံ့လာရသည်။

"စကားတည်ပါစေ နှမ၊ ရွာထဲမှာ ကြုံကြိုက်လို့ အလိုက်အထိုက် စကားဆိုမှ မျက်နှာတော် ညိုရင်ဖြင့် မောင်ကြီး စိတ်နာရလိမ့်မယ်"

"နှလုံးလက်ချနေစမ်းဘိ မောင်ကြီး။ လုံမစကားဟာ နှစ်ခွမပြားရစေပါဘူးရှင်"

"ကိုင်း ... လိုရာသွားချေ။ သည်တစ်သက်တော့ မမေ့ပါနဲ့ကွယ်"

"ဩ"

မြတ်ရာက လက်ကို ဖြေလိုက်သည်နှင့် တစ်ပြိုင်နက် လုံမပျိုသည် မြွေများ သွားသကဲ့သို့ ခြေသံမကြားရဘဲနှင့် လျှင်မြန်စွာပင် ချုံများအကြားသို့

mgyoe.com

mgyoe.com
SAMPLE BOOK


လျှောခနဲ တိုးဝင် ပျောက်ကွယ်သွားတော့သည်။

မြတ်ရာသည် ခေါင်းငိုက်စိုက်ချ၍ ပြန်ရောက်လာ၏။

ထွန်းက တေပိုကို လက်ကုတ်ပြသည်။ တေပိုသည် မြင်းဘေးနားတွင် မတ်တတ်ရပ်ရင်းကို မြတ်ရာကို လှမ်းမေးသည်။

"ဘယ်လိုလဲ ဗိုလ်မင်း၊ မထင်ဘဲ အန္တရာယ်ကြီးနေလားလို့ ကြောင့်ကြ လိုက်ရပါဘိ"

မြတ်ရာသည် သက်ပြင်းတစ်ချက် ချလိုက်၏။

"ထီးဘုရားအတွက် အန္တရာယ်မဟုတ်၊ သို့ပေမဲ့ ကျုပ်အတွက်တော့ အိမ်း ... သိပ်ကြီးတဲ့ အန္တရာယ်နဲ့ ကြုံခဲ့ရပြီ ထင်တယ်။ လောင်းသည်ရွာထဲ ရောက်တော့ သိကြမှာပေါ့လေ"

မြတ်ရာသည် သူ၏ မြင်းကျော် တိမ်ညွန့်စားပေါ်သို့ လွှားခနဲ တက်တော့ သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်မြတ်ရာတို့ သုံးဦးသားသည် မြင်းကိုယ်စီနှင့် လောင်းသည်ရွာကြီးသို့ ဝင်လာသောအခါတွင်ကား နေမင်းသည် ထွက်ပြူခါစပင် ရှိသေးသည်။

ရွာအဝင်ဝတွင် ရှေ့ကသွားနေသော လူနှစ်ယောက်ကို တွေ့သော် မြတ်ရာသည် မြင်းကို အရှိန်အနည်းငယ် တိုးမြှင့် မောင်းနှင်ပြီး အမိလိုက်လိုက်သည်။

"နောင်ကြီး … နောင်ကြီး၊ ဒီရွာက သံပျင်ကြီး အနန္တသူရဲ့ နေအိမ်ကို သိလိုပါဘိ"

ရွာသားနှစ်ယောက်သည် ခေါ်မေးသံကြောင့် တုံ့ခနဲ ရပ်လိုက်၍ အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်။ မြတ်ရာတို့ကို မြင်သောအခါတွင် သူတို့၏ မျက်နှာများမှာ ကြည်လင်ဝင်းပသွားကြ၏။

"ဟာ … မင်းလုလင်ကျော်တွေ မှတ်တယ်။ အခန့်သင့်လိုက်လေ၊ သံပျင်ကြီး နေအိမ်မှာ မရှိဘူး။ ပန်းရန်သည် ဦးသင်ခါထံမှာ ရောက်နေလေရဲ့။ ကျုပ်တို့လည်း သည်ဆီ သွားမလို့။ အခန့်သင့် လိုက်ကြရော့"

ရွာသားများက မြင်းအောက်က ခြေကျင်လျှောက်ပြီး မိမိတို့က မြင်းပေါ်မှ သွားလျှင် မလျော်ကန်သည်ဖြစ်သောကြောင့် မြတ်ရာတို့သည် မြင်းကျောပေါ်က ဆင်းကြသည်။ မြင်းများကို ဇက်ဆွဲ၍ ရွာသားများနှင့်တန်းတူ လမ်းလျှောက်ကြ၏။

လောင်းသည်ရွာကြီးမှာ မြို့အင်္ဂါ မစုံ၍ မြို့စာရင်း မဝင်သော်လည်း အိမ်ကြီးအိမ်ကောင်းများ ရှိ၏။ ကျောက်အုတ်၊ မြေအုတ်တို့ဖြင့် ဖွဲ့စည်းအပ်သော

mgyoe.com

mgyoe.com
SAMPLE BOOK


လမ်းများ ရှိသည်။ ဤသည်ကို ထောက်၍ စီးပွားကုံလုံသော ကျေးရွာကြီးဖြစ်ကြောင်းကို လည်းကောင်း၊ လူနေအိမ်ခြေ သုံးရာကျော်ခန့်ရှိသည်ကို လည်းကောင်း မြတ်ရာသည် ခန့်မှန်းနိုင်ခဲ့၏။

''ဒီမယ် အစ်ကို၊ ယခုနက အစ်ကိုပြောရာမှာ အခန့်သင့်ပါဘိလို့ ကျွန်ုပ်ကျွန် ကြားမိသယောင် ရှိပါတယ်။ ဘယ်လို အခန့်သင့်ပါသလဲ''

စောစောက စကားပြောလက်စရှိသော အသက်သုံးဆယ့်ငါးနှစ်ခန့်၊ ဦးခေါင်းတွင် ပဝါကြမ်းပတ်ထားသည့် ရွာသားကြီးက ပြန်ပြောသည်။ သူတို့နှစ်ယောက်စလုံး၏လက်တွင် ဓားမကို ကိုင်ထားသည်ကိုလည်း မြတ်ရာသတိပြုမိသည်။

''အခန့်သင့်ဆို သည်လိုပါ၊ ညက လူတစ်ဦး အကွပ်ခံရတယ်။ မင်းမိန့်မင်းဒဏ် မရဘဲ အဓမ္မ ကွပ်သွားခဲ့တာ''

မြတ်ရာသည် အံ့အားသင့်သွားသည်။ ဤမျှ အေးချမ်းသာယာသော ရွာကြီးတွင် ဓားသံ လှံသံကို မမျှော်လင့်မိခဲ့။ သွေးစသွေးန ဆိုလျှင် ဝေလာဝေး။ သို့သော် ယခုတော့ တစ်စုံတစ်ယောက်သည် အသတ်ခံရသည် ဆိုချေပြီကော။

''လွန်သူက ဘယ်သူပါလိမ့်''

''အာဂန္တုပဲ၊ ရွာက ပန်းရန်သည်ကြီး ဦးသင်ခါရဲ့ တူသားတစ်ဦးပါ။ သူက စစ်ရေးမက်ရေး ဝါသနာမိလို့ စစ်မှုထမ်းရွက်တယ်။ ရွာကိုရောက်တာ လေးငါးရက်သာ ရှိသေး။ ညက မရှုမလှ အလုပ်ကြံခံရတယ်''

ငတပိုက စုတ်သပ်လိုက်၏။

''ဖြစ်ရလေခင်ဗျာ၊ ရွာခံလူ မဟုတ်ပါဘဲလျက် မုန်းသူ ဘယ်လိုရှိပါအံ့။ အရေးအခင်းက ဖြောင့်စင်းပုံ မရှိပါဘဲတကား''

ပဝါကြမ်းပတ်ထားသည့် ပုဂ္ဂိုလ်ကြီး၏ ဘေးမှ လိုက်လာသော အသက်အစိတ်ခန့်ရှိ ရွာသားက ဝင်ဖြေသည်။

''ရွာခံ မဟုတ်တော့ အကြောင်းခံရှာရ ခက်နေပြီပလေ။ ဒါကြောင့်လည်း အစ်ကိုတို့ လာကြတာ အခန့်သင့်ပါတယ် ဆိုမင့်ဟာ၊ ပြီး ... လွန်သူ ငပန်းတောင်းဟာလည်း ထီးဘုရားအမှုထမ်း စစ်သည်မက်သည် ဖြစ်နေရှော၊ နှလုံးနောက်ကျူစရာ ကောင်းလှပါတယ် မင်းဒလင်တို့ရယ်''

မြတ်ရာသည် တွေ၍ နက်နက်နဲနဲ စဉ်းစားလာ၏။

ထီးဘုရားကြီး အနုရုဒ္ဓါဘွဲ့ခံ အနော်ရထာမင်းစောသည် ဘေးလောင်းတော်၊ ဘိုးလောင်းတော် အဆက်ဆက် ဦးထိပ်ရွက် ပန်ဆင်ခဲ့သော မြောက်ပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


သာသနာ (ခေါ်) မဟာယာဉ်လမ်းစဉ်ကို ရုတ်ခြည်းပင် စွန့်ပယ်ခဲ့ပြီး သထုံပြည်မှ အရှင်ဓမ္မဒဿီ (ခေါ်) အရှင်အရဟံ ဆောင်ကြဉ်းလာခဲ့သည့် တောင်ပိုင်းသာသနာ ဖြစ်သော ထေရဝါဒကို ခံယူလိုက်သည်။ ထိုးအောက် စည်အောက် ရပ်မြေဒေသ အားလုံးတွင်လည်း သာသနာချင်း လဲလှယ် အစားထိုးစေခဲ့သည်။

မဟာယာဉ်ဝါဒ၏ မျက်လုံး၊ ဝိညာဉ်၊ အသက်သခင်များဖြစ်သော အရည်း တို့၏ အရှိန်အဝါ ဩဇာတိက္ကမသည် မသေးငယ်ချေ။ အင္ဒာရသ တစ်ဆယ့်ရှစ်ရပ်ကို တက္ကသိုလ်ဖွဲ့၍ သင်ကြားပို့ချလာခဲ့သည် ဖြစ်၍လည်း လက်ရုံးရည် ကောင်းသူတို့ မှာ အရည်းတို့၏ ပညာကျေးဇူးရိပ် မကင်းကြချေ။

ထို့ပြင် –

အရည်းတို့၏ သာသနာမှာ လူများစု ကြိုက်နှစ်သက်စရာတွေ ပါသည်။ စစ်တက် စစ်ဆင် ပညာရပ်များ၊ ဆင်စီး မြင်းစီး အတတ်များ၊ ဒိုင်း လွှား ကာ အတတ်များသာမက ဘူမိရတ်၊ အဂ္ဂိရတ်၊ အာယုဗ္ဗေဒ အတတ်များကိုလည်း သင်ကြား ပို့ချခဲ့သည်။ ဗေဒင်ယတြာ၊ ဂါထာမန္တန်များနှင့်တကွ ဝိဇ္ဇာဓိုရ် သိဒ္ဓိများ ဖြစ်လောက်စရာ စက်စီး စက်နင်း ပညာများ၊ လူတိုင်း မသိအပ် လျှို့ဝှက်သော ဂန္ဓာရီလမ်းစဉ် အစီအရင်များကို ကျွမ်းကျင်၍ လက်ရွေးစင်တပည့်များကို ပို့ချသည်။

ထို့ကြောင့် –

အရည်းတို့တွင် အရေအတွက် နည်းပါးသော်လည်း သံမဏိကဲ့သို့ ခိုင်မာ သော နှလုံးရှင် တပည့်ကျော်များ ရှိနိုင်၏။ ယင်းသို့သော တပည့်ကျော်များသည် အရည်းများအတွက် ဆိုလျှင် ဆူးတောကို ဖြတ်မည်၊ ဓားတောင်ကိုကျော်မည်၊ ချွန်းတောင်းညွှန်ကို နင်းမည်၊ မီးပင်လယ်ကို ကူးမည်။

ထီးဘုရားသည် ကိုးကွယ်ရာကို ပြုပြင်ပြောင်းလဲရာတွင် တစ်ခုတည်းသော အားကိုးရာမှာ သူတော်ကောင်းတရားသက်သက်ကို မွေ့လျော်လိုသူ ပြည်သူပြည်သား များထက် မိမိတို့ကဲ့သို့သော ခိုင်းသည့်ကျွန်၊ ထွန်သည့်နွား အဆီးအတား ဟူသည် လောကတွင် မရှိဟု ယတိပြတ်မှတ်ယူထားကြသည့် ငယ်ကျွန်ရင်း စစ်သည် ရဲမက်တော်တွေပင် အားကိုးရာ ရှိချေသည်။

ပုဂံစစ်သည်များကား တစ်ချိန်က အရည်းတို့၏ တပည့်များဖြစ်ခဲ့ကြသော် လည်း ထီးဘုရား၏ ရိက္ခာတော်ကို ယူသည့်နေ့မှစ၍ ထီးဘုရားထံတွင် သက်ဦးဆံ ကို အပ်နှံ၍ သစ္စာတော် ထမ်းရွက်ကြသူများဖြစ်ရာ ထီးဘုရားက အဝီစိသို့ လက်ညှိုး ညွှန်သော် သိဒ္ဓိုးငရဲ၊ ကာဠသုတ်ငရဲ၊ တာပနငရဲတို့ကို ဓားဦးဖြင့် လမ်းထွင်၍ သွားမည့်သူများသာ ဖြစ်ကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထို့ကြောင့် -

ယခုအချိန်သရောသည်ကား အာဏာဖည်သူ အရည်းတစ်စုနှင့် သူတို့၏ လက်ရွေးစင် တပည့်ကျော်တို့နှင့် ဘုရင့်သစ္စာတော်ခံ ပုဂံစစ်သည်တို့ မှုန်ဆန်နေကြသော သရောကြီးပေတည်း။

ယခု လောင်းသည်ရွာကြီးထဲတွင် အကာလ ညဉ့်အခါ၌ အဓမ္မ ကွပ်ညှပ်ခံရသသူကား ပုဂံစစ်သည်တစ်ဦးဟု ဆိုသည်။ သို့ဖြစ်သော် ကွပ်ညှပ်သူသည် အရည်းတို့၏ သာသနာဝင် ဖြစ်နိုင်သည်။ ဖြစ်နိုင်၍ ဖြစ်သည်ဆိုလျှင် မိမိတို့အပေါ် ထွေတော်ချထားသော တာဝန်ဝတ်နှင့် တိုက်ရိုက် သက်ဆိုင်လာပြီ ဖြစ်ချေ၏။

''ရော ... သည်လိုဆိုရင်လည်း ခပ်သွက်သွက်ကလေး လှမ်းကြစို့။ အခင်းဖြစ်ရာကို ကြည့်လို မြင်လိုလှပါပြီလေ''

မြတ်ရာ၏ တိုက်တွန်းမှုကြောင့် ရွာသားတို့သည် ခပ်မြန်မြန် တိုး၍ လျှောက်ကြတော့သည်။

ပန်းရန်သည်ကြီး ဦးသင်ခါ၏ အိမ်တွင် လူစုစုရုံးရုံး ရှိလှ၏။ သို့သော် မြတ်ရာတို့အုပ်စု ရောက်လာသည်နှင့် တစ်ပြိုင်နက် -

''ဟော ... ပုဂံစစ်သည်တွေ လာတယ်ဟေ့'' ဟူ၍ လည်းကောင်း၊ ''မင်းဒလင် (မင်းလုလင်) တွေ လာကြပြီဟေ့'' ဟူ၍ လည်းကောင်း ဟစ်ကြွေကာ လူအုပ်သည် ရှဲပေးကြကုန်၏။

မှန်းဆရ လွယ်ကူပါသည်။ နှုတ်ခမ်းမွေးကား၊ ခုံခုံညားညားနှင့် ဆေးရိုက်ပန်းပဝါကို ပေါင်းထားသူကား သံပျင်ကြီး အနန္တသူပင် ဖြစ်ရချေတော့မည်။ သို့ဖြင့် မြတ်ရာသည် မြင်းကုန်းနှီးအောက်မှ အထုပ်ကို ဖြေ၍ ပေရွက်ကို ယူကာ သံပျင်ကြီး ထံသို့ ဦးတည်၍ သွားလေတော့သည်။

(မှတ်ချက် ။ ။ ရှေးပုဂံခေတ်တွင် ကလန်၊ သံပျင်တို့သည် ရွာကျေးများကို အုပ်ချုပ်ရသော သူကြီးတစ်မျိုးပင် ဖြစ်လေသည်။)

သံပျင်ကြီး အနန္တသူသည် တရွေ့ရွေ့ ချဉ်းကပ်လာသော မြတ်ရာကို အကဲခတ်သလို ကြည့်နေသည်။ 'ဘာကိစ္စ ဘာအကြောင်းနှင့် ရောက်လာကြသူများနည်း' ဟူသော ပုစ္ဆာရိပ်သည် သူ၏ ညှိမှိုင်းသော မျက်လုံးများတွင် ယှက်သန်းနေ၏။

မြတ်ရာသည် သံပျင်ကြီး၏ ရှေ့တွင် ပုဆစ်တုပ်လျက် လက်မှ ပေရွက်ကလေးကို ကမ်းလင့်၏။

''ကျွန်ုပ်ကျွန်တို့ဟာ အတွင်းတော်က ထီးဘုရားထွေတော်ကို ဦးထိပ်

mgyoe.com

mgyoe.com SAMPLE BOOK


ရွက်၍ လာခဲ့ကြပါတယ် ဦးရီးဘုရား၊ ထွေတော်ကို ရှုစားတော်မူပါ''

အနန္တသူသည် ကမ်းလင့်လာသော ထွေတော်စာ (အမိန့်တော်)ကို ယူ၍ လက်ကိုဆန့်ပြီး ဖတ်ရှုလိုက်သည်။

ပေါက္ကံပြည့်ရှင်၊ ဘုရင်ထီးဘုရား ထွေတော်ချလိုက်သည်။ ကလန်၊ သံပျင်အပေါင်းတို့ နာခံကြရန်ကား အနီသဝဏ်ဆောင် မင်းလုလင်များသည် ငါတို့ ကျွန်တော်ရင်းများတည်း။ မင်းဝတ် မင်းတန်းကို သင်းတို့ ကျေပွန်ကြစိမ့်သောငှာ ငါတို့ သစ္စာတော်ကို ဦးထိပ်ရွက်ပန်ဆင်သသူ၊ ကလန်၊ သံပျင်၊ ရွာစိုး၊ ရွာအုပ် မည်သူမဆို သင်းတို့အား ထိုက်သင့်သော အကူအညီကို ပေးစေ။ ဝတ်ပျက်သော် တွင်းလျောင်းကပ်ဖိ၊ မချိတရိအောင်းဒဏ် ကျခံစေမည်။ လက်နက် သခင် ရေမြေ့ရှင် အမိန့်တော်။ ဖလကုန်နှစ်၊ နယုန်လဆန်း ၅ ရက်နေ့နံ့ကိအား ချသည့် ထွေတော်။

သံပျင်ကြီး အနန္တသူသည် ထွေတော်ကို ဖတ်ရှုပြီးသော် မြတ်ရာဆီသို့ ပြန်၍ ကမ်းပေး၏။

''ငါတို့တွေဟာ ထီးဘုရာ့သစ္စာတော်ခံ မချွတ်မို့ မောင်မင်းတို့ကို အလိုရှိသလို ကူညီမှာပါပဲ''

လောလောဆယ်ဆယ် အားဖြင့်သော် မြတ်ရာတို့အတွက် တည်းခိုနေထိုင်ရန် သံပျင်ကြီးသည် မိမိ၏အိမ်သို့ ခေါ်သွားသည်။ အိမ်သား အပေါင်းကို ခေါ်၍ မြတ်ရာတို့ကို ပြသသည်။ အိမ်သားစုကား မများပါချေ။ သံပျင်ကြီးကတော် ဒေါ်အိုပြည့်မှာ အသက် ငါးဆယ်တွင်းသို့ ရောက်ချေပြီ။ အကြီးဆုံး သမီး အိုအိမ်သည် ပင် အသက် ဆယ့်ရှစ်နှစ်တွင်းသို့ ဝင်နေပြီ ဖြစ်၏။ ဒုတိယ သမီးကား ရွှေရင်သိမ်းသစ် ချစ်ချင့်စဖွယ် အိုချမ်းသာတည်း။ အငယ်ဆုံးကား ထွေခင်းဇယ်ချ ဆယ်နှစ်အရွယ် ငကျွမ်းဝင် ဖြစ်၏။ ကျန် လက်တိုလက်တောင်း အမှုရွက် သူငယ်တော် သုံးလေးဦးသာ ရှိသည်။ အမှုရွက်တို့မှာ ခြံဝင်းထဲရှိ သီးခြားတင်းကုပ်တွင် နေထိုင်ကြသည် ဖြစ်သောကြောင့် နှစ်ထိပ်အိမ်ကြီးမှာ ကျယ်ဝန်းနေသည်။

သို့သော် မြတ်ရာကား ဆွေးနွေးစရာ အရေးကိစ္စတို့ကို လွတ်လွတ်လပ်လပ် နှီးနှောနိုင်စိမ့်သောငှာ မျက်စောင်းထိုးက ပျဉ်ကာပျဉ်ခင်း တစ်ထပ်အိမ်ကလေးတွင် နေထိုင်ရန် ပန်ကြားရသည်။ ယင်း အိမ်ကလေးမှာလည်း သံပျင်ကြီးပိုင် အိမ်ပင် ဖြစ်၍ သမီးအကြီး အိမ်ထောင်ပြုသော် အသင့်ပေးရန် ဆောက်လုပ်ထားသော

mgyoe.com

mgyoe.com
SAMPLE BOOK


အိမ် ဖြစ်သည်။ ဆောက်လုပ်ပြီးခါစလည်း ဖြစ်၏။

"ကိုရင်က ဒီမှာလာနေတော့ ကျုပ်တို့ ခက်သပေါ့။ တကယ်ဆို သံပျင်ကြီး အိမ်မှာဆိုတော့ သံပျင်ကြီးသမီးကြီး အိုအိမ်သည်ရဲ့ အပြုအစု ရကောင်းရဲ့"

တေပိုက တဖျစ်တောက်တောက် ပြောရာ ထွေန်းက ဝင်၍ တေပိုကို ဟန့်သည်။

"တေပိုရယ် ကာမေသုနိုင်လွန်းတယ်။ မောင်ရင်တို့၊ ကျုပ်တို့က အိမ်သူ တွေ ရှိပြီးသားပါ။ မင်းပျို မင်းလွင် မိုလ်မြတ်ရာကိုယ်၌က ငါးကြော်ကို ရှောင်တဲ့ ကြောင် ဖြစ်နေမင့်ဟာ ဘာပြောစရာ ရှိသေးတုံး"

မြတ်ရာသည် တစ်ချက်ပြုံးလိုက်၏။

"ဒီမယ် အစ်ကိုတို့ … ကျုပ်ဟာ စစ်ပွဲကို တိုက်မိပြီဆိုရင် နိုင်အောင် တိုက်ချင်တဲ့ ဝါသနာ ရှိတယ်။ တစ်ပွဲတိုက်နေရင်းကလည်း မပြီးပြတ်ဘဲ တစ်ပွဲ မဝင်လိုဘူး။ သိကြားအိုင်မှာ ကျုပ် ဘာတွေ့ခဲ့တယ်ဆိုတာ အစ်ကိုတို့ကို ရှင်းပြ မယ်။ ကျုပ်ရဲ့ နေအိမ်တံခါးကိုသာ သော့ပနောက် ဆင်မထားချင် ရှိရမယ်၊ လူတကာ ဝင်စေ၊ ထွက်စေ၊ ဒါပေမဲ့ ကျုပ်ရဲ့နှလုံးအိမ်က တံခါးကိုတော့ တစ်ယောက် သာပဲ ဝင်နိုင်၊ ထွက်နိုင်စေ့မယ်။ ကိုင်း … လာ ထိုင်ကြ။ သိကြားအိုင်က အဖြစ် ကို လှစ်ဟပါ့မယ်လေ"

အင်္ကျီချွတ်များနှင့် စစ်သည်တော်နှစ်ဦးသည် ချက်ချင်းပင် ခါးတောင်း ကျိုက်ကလေးများ ဖြေချလိုက်ကြကာ မိုလ်မြတ်ရာ၏ ရှေ့တွင် ပြုံးစိစိနှင့် ပြေးလာ ထိုင်လိုက်ကြတော့သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

"ဗိုလ်မင်းတို့ ချမ်းသာကြရဲ့လား"

သံပျင်ကြီး အနန္တသူသည် ညနေစောင်းဘက်တွင် ဗိုလ်မြတ်ရာတို့ အိမ်သို့ ကူးရောက်လာသည်။

"ချမ်းသာပါတယ် ဦးရီးဘုရား။ ကြွပါ ... ကျွန်ုပ်ကျွန် တို့လည်း မျှော်လင့်လျက် ရှိကြောင်းပါ"

သံပျင်ကြီးနှင့်အတူ လူရွယ်တစ်ယောက်လည်း ပါလာသည်။ သူကား အသက်အစိတ်ကျော် နှစ်ဆယ့်ခြောက်နှစ်ခန့် ရှိပေပြီ။

"ဒါကတော့ ကျုပ်ရဲ့ တူတော်မောင်ပါပဲ။ ကြေံတတ် ခေါ်ပါတယ်။ နမဝမ်းကွဲတော်သူရဲ့ သားလေ"

"ဩ ... ခင်မင်ပါတယ်။ ကျုပ်တို့ကိုလည်း ရိုးရင်းထား ပေါင်းဖော်ပါဘိ ကိုရင်ကြံတတ်ရေ"

ကြေံတတ်သည် ပြုံးလိုက်သည်။ သူ့အပြုံးကို မြတ်ရာ တစ်ယောက်ကတော့ မနှစ်မြို့ချင်သလိုလို ဖြစ်မိ၏။ လူတစ်ဦးတစ်ယောက်ကို မြင်လျှင်မြင်ချင်း သံသယဝင်လာသော အကျင့်တော့ မြတ်ရာတွင် မရှိဂိုး အမှန်။ သို့သော် ဤမည်သော ကြေံတတ်၏ အပြုံးမှာ မြေခွေးတို့၏ ကောက်ကျစ်သော အပြုံးဟု မြတ်ရာ ထင်မိသည်။ သိကြားအိုင်က လုံမပျို ပြောခဲ့သလို စိန်ကဲ ကျောက်ကဲထက် လူကဲခတ်ရသည်မှာ ခက်ခဲလှပေရာ မြတ်ရာ မှားချင်လည်း မှားပေမည်။

"ကျွန်ုပ်တို့က ရွာခံမို့ ညှိသည်တိုင်းကို ဝတ္တရားကျေပွန်မှာပါ အစ်ကိုတို့

mgyoe.com

mgyoe.com SAMPLE BOOK


ရယ်။ ရွာရောက်သမျှ ဧည့်သည်တွေကို အကျွန်ုပ်ပဲ ပြုစုရတာ များပါတယ်။ ဘကြီးက တာဝန်များပြားတာက တစ်ကြောင်း၊ အသက်အရွယ် ကြီးရင့်တာက တစ်ကြောင်း ကြောင့် ဧည့်ဝတ် စောင်ဝတ် လစ်ဟင်းတတ်ရပါတယ်။ ဒီကြားထဲက ဧည့်သည် တစ်ယောက်က မရှုမလှ လွန်ရတာ အလွန်တရာ ဝမ်းနည်းဖွယ် ကောင်းလှတိတယ်''

မြတ်ရာသည် သူပြောသမျှကို နားစိုက်ထောင်နေသည်နှင့် အမျှ စူးရှသော မျက်လုံးတို့ကလည်း ကြေံတတ်ကို ဖောက်ထွင်းသွားလုမတတ် စိုက်ကြည့်နေပေရာ ကြေံတတ်မှာ ဦးခေါင်းကို ငုံ့ပစ်လိုက်သည်။ သို့သော် သူ့နှုတ်ကမူ စကားတွေကို ဆက်၍ ပြောနေ၏။

''ကိုရင်တို့ ပုဂံက ခရီးသည်တွေဆိုတော့ အိမ်သူနဲ့ ဝေးနေကြရတာမို့ ပိုပြီး ပြုစုရမှာပါ''

ဤနေရာတွင် ငထွန်းက ဆတ်ခနဲ ဝင်ပြောသည်။

''အို ... ငါတို့က အိမ်သူလွမ်းရပေမယ့် ဗိုလ်မြတ်ရာကတော့ အိမ်သူ မရှိတာမို့ လမ်းခရီးသူပဲ လွမ်းရမယ် ထင်ရတာပ''

ကြေံတတ်သည် ငထွန်းကို ဖျတ်ခနဲ မော့ကြည့်သည်။ ချက်ချင်းပင် မြတ်ရာက ရှက်ကိုးရှက်ကန်းနှင့် ငထွန်းကို မျက်စောင်းထိုး ပြော၏။

''ငထွန်းက လျှာရှည်ပါဘိတယ်။ မင်းမှုကိစ္စနဲ့ ခရီးထွက်ရာမှာ လွမ်းစရာ မရှိနိုင်ဘူးလေ။ အမှုထမ်းနေရတာနဲ့ ဘယ်သူ့ လွမ်းလေရမယ် မသိ''

မြတ်ရာသည် အာဏာသံနှင့် ခပ်ပြတ်ပြတ် ပြောရသည့်အခါတွင် သူ့လူများ ကို မင်းသံစိုးသံနှင့် အမည်ကို လည်းကောင်း၊ 'မောင်မင်း' ဟူ၍ လည်းကောင်း ခေါ်ဝေါ် သုံးစွဲတတ်သည်။ အခြားသောအခါများတွင်ကား 'ကိုရင်' ဖြစ်စေ၊ 'အစ်ကို' ဖြစ်စေ ရင်းရင်းနှီးနှီး ခေါ်ဝေါ်တတ်၏။ သူ့လူများကား သူ့လေသံကို စွင့်၍ သူ့ အထာကို သိကြရစမြဲပင် ဖြစ်သည်။

ထိုအခိုက်တွင် သံပျင်ကြီးသည် ရုတ်ခြည်း သတိဝင်လာသလို ကြေံတတ် ဘက် လှည့်၍ ပြော၏။

''ဟော့ ... ကြေံတတ်ငဲ့၊ ဧည့် အသုဘကိစ္စလည်း ပစ်မထားနဲ့နော်။ ပြီးတော့ ဖျဉ်ပြားရွာဘက်က ရွှေ့လာကြတဲ့ သားအဖကိုလည်း ဂရုပြုကြပါဦး''

ထိုအခါတွင် ကြေံတတ်သည် သံပျင်ကြီးဘက်သို့ လှည့်၍ -

''နှလုံးချတော်မူပါ ဘကြီးရယ်။ အကျွန်ုပ် ဂရုပြုနေပါတယ်။ အသုဘ အိမ်ကိုလည်း အခု ဝင်သွားပါမယ်။ ပြီးတော့လည်း တစ်ဆက်တည်း အိုခင်ငယ် ဆီကိုလည်း ရောက်ပြီးမှ အိမ်ကို ပြန်မှာပါ'' ဟု ပြုံးရွှင်စွာ ပြော၏။

mgyoe.com

mgyoe.com SAMPLE BOOK


သံပျင်ကြီးသည် တူတော်မောင်ကို ကျေနပ်ဟန်နှင့် ပြုံး၍ ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

"ကိုရင်ကြံ့တတ်က ဘယ်သို့ ဝမ်းကျောင်းပါသလဲ"

မြတ်ရာ၏ မေးခွန်းကို သံပျင်ကြီးက ထောက်၍ ဖြေဆိုသည်။

"ရွာတောင်ဘက်က နှမ်းခင်းတွေဟာ သူ့မိဘတွေလုပ်တဲ့ အငန်းတွေပဲ ဗိုလ်မြတ်ရာရဲ့။ သူကတော့ ပတ်သာလောက် အတီးလေ့နေတာပါပဲလေ။ ပြောရဆိုရ အခြားမှာ လွယ်သလောက် ပတ်သာနဲ့ကျရင် လက်ချရတော့မလို ဖြစ်နေပြီ"

မြတ်ရာသည် ပြုံးလျက်ပင် –

"အလို ... ဒါကတော့ ဝါသနာဘာဂီမို့ ဘဝဆက်တိုင်း မီတယ်ထင်ပါ့။ ပန့်တျာသည်ဟာလည်း တော်ဝင်ပညာတစ်ရပ်ပေပဲ ဦးရီးတော်"

ဟု သံပျင်ကြီး၏ စကားကို ဖြေ၍ ပြောသည်။

ခဏအကြာတွင် ကြံ့တတ်သည် ပန်းရံသည်ကြီး၏ အိမ်သို့သွားရန် ခွင့်ပန်၍ ပြန်လည် ထွက်ခွာသွားလေသည်။

မြတ်ရာသည် သံပျင်ကြီးကို စိုက်၍ ကြည့်ရင်း တစ်ခွန်း စလိုက်လေ၏။

"ဦးရီးတော် ယခုနက အမိန့်ရှိလိုက်ပါတယ်၊ ဒီရွာမှာ ဧည့်တော်တော် များသလိုလို"

"အဟော် ... မှန်တယ်လေ၊ အရင်ကလည်း ဒီရွာကို ဧည့်တွေ လာတတ်ကြပါတယ်။ ခုတစ်လောတော့ ပိုပြီး စည်သလားမှတ်တယ်။ ရွာရဲ့ စီးပွားက ဖွံ့ဖြိုးဝပြောတော့ ရေကြည်ရာ မြက်နုရာ ဆိုသလို ရောက်ရောက်လာကြ မှတ်တယ်"

"အခုနက လွန်တဲ့ စစ်သည်က ..."

"ငပန်းတောင်းလား၊ သူကတော့ ကုန်သွယ် လယ်လုပ်ကိစ္စ မဖြစ်နိုင်ပါဘူး။ သူက စစ်သည်ရဲမက်ပဲ။ ဒီက ... ဦးသင်ခါက သူ့ဘကြီးလား၊ ဘထွေးလား တော်စပ်တယ်။ စစ်မှုထမ်းရာက ခွင့်ပန်ပြီး လာတယ်ဆိုကိုး"

မြတ်ရာသည် တွေသွား၏။

"ကျွန်ပ်ကျွန် ကြားဖူးသရွေ့တော့ ထီးဘုရားဟာ တိုင်းရပ်မြေခြား စစ်ချီသွားဖို့ရန် စစ်သည်ရဲမက်တွေကို စုဆောင်းပြီး နေပြည်တော်မှာ မနားမနေ သင်ကြားလေ့ကျင့်နေပေတယ်။ ဒေသအရပ်ရပ်ကို ထွက်ရတဲ့ စစ်သည်တွေဟာလည်း အကြောင်းကိစ္စ တစ်ရပ်ရပ်တော့ ရှိရမြဲပါ။ ကျွန်ပ်ကျွန် ထင်သရွေ့ ပြောရရင် ... ဒီ ငပန်းတောင်းဟာ အရည်းသာသနာ နှိပ်ကွပ်ရေး အမှုကိစ္စနဲ့ အရပ်တကာ လှည့်လည်နေရတဲ့ အစုက ရဲမက်ဖြစ်မယ် ထင်ပါတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


မြတ်ရာ၏ စကားကို သံပျင်ကြီးကလည်း သဘောကြိုက်ညီသည်။

"မှန်နိုင်ကောင်းရဲ့၊ သည်လို ရဲမက်စုမျိုး လွန်ခဲ့တဲ့ ခြောက်လကျော်လောက်က ဒီရွာကိုလည်း ရောက်ခဲ့ပြီ။ သူတို့ တာဝန်းက ရှေးမထီးတွေရဲ့ သာသနာဟောင်း လက်ငုတ် လက်စတွေကို သိမ်းငင်ဖို့ဆိုပဲ"

"မှန်ပါတယ် ဦးရီးတော်၊ ထီးဘုရားရဲ့ ထွေတော်က ပုထိုးစေတီ၊ လိုဏ်ဂူဘုရား မှန်သရွေ့မှာ သကျမုနိ ရုပ်ပွားတော်ပဲ ချန်ရစ်ရမယ်။ အခြားသော မဟာယာဉ်ဝါဒီတွေရဲ့ နတ်မင်း နတ်ဒေဝီရုပ်တုတွေ၊ ဗောဓိသတ်ရုပ်တုတွေ၊ ရှာနိဗုဒ္ဓ ရုပ်ပွားတော်တွေ မှန်သရွေ့ နေပြည်တော်ကို သယ်ဆောင်ခဲ့ရမယ်လို့ ထွေတော်ချထားပါတယ်။ ဒီတော့ ဒီလို ရဲမက်မျိုးဟာ ခွင့်ပန်ပြီး သွားလိုရာ သွားဖို့ အခွင့်မရှိဘူး၊ ကျွန်ုပ်ကျွန် ထင်မိပါတယ် ဦးရီးတော်"

"သည်လိုဆိုဖြင့်လည်း ကျုပ် မသိပေါင်။ သူ့ဘကြီး အပြောကို လိုက်ပြောရတာကိုး။ နာမကျန်း ဖြစ်လို့များ မသိ။ သူ့အရေးက ခက်ခဲတာကလည်း ရွာကိုရောက်တာ တစ်ပတ်ကျော်လောက် ရှိသေးတာမို့ ရွာခံရန်သူ မရှိနိုင်ပါဘူး"

"သူက ဒီရွာကို ခဏ ခဏ ရောက်တတ်သလား"

"မင်းစုက္ကတေး လက်ထက်က တစ်ကြိမ် ရောက်ပြီး ခုမှ ရောက်တာပါပဲ မိုလ်မြတ်ရာရဲ့။ ဒီရွာမှာ အခမ္ဘလုပ်ကြံမှု မရှိခဲ့ပါဘူး။ ခုတော့ အရုပ်ဆိုးနေပေါ့။ လုပ်ကြံသူ ဖွေမောရဦးမှာပလေ"

"မပူပါနဲ့ ဦးရီးတော်။ ကျွန်ုပ်ကျွန်တို့လည်း ရှိပါသေးကော။ အရာရာ ကူညီပါ့မယ်။ ဒါထက် ဒီရွာမှာ ထီးဘုရားစစ်သည်တွေ လာခိုက်က အရည်းတွေ တော်တော် လွန်ဆန်ကြပါသေးသလား"

သံပျင်ကြီးသည် ဦးခေါင်းကို ခါယမ်းပြ၏။

"ဒီရွာမှာ မထီးကျော်တွေ မရှိပါဘူး။ ထီးဘုရားက သထုံသာသနာကို ခံယူပြီ ဆိုပြီး အရပ်ရပ်က အရည်းတွေကို လူဝတ်လဲ အမှုထမ်းစေတော့ သူတို့လည်း အချို့က လူဝတ်လဲ၊ အချို့ကတော့ မောပြည်ဘက် တက်မယ်ဆိုပြီး ရှောင်ကြတော့တာပဲ။ မထီးကျော်တွေလည်း မဟုတ်ကြပါဘူး။ အိမ်း … လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်ကတော့ မထီးကျော်တစ်ပါး ကျောင်းထိုင်ဖူးတယ်။ အသျှင်ပညာနန္ဒပဲလေ။ ဟို … လှမ်းလှမ်းက ထုံဝင်တောင်မှာရှိတဲ့ ထုံဝင်ဂူဟာ အဲဒီ မထီး ထုံဝင်သွားတဲ့ ဂူကြီးပဲ။ အရည်းသာသနာဝင်တွေကတော့ တော်တော်လေး အလေးအမြတ် ပြုခဲ့တဲ့ ဂူကြီးပေပေါ့။ အခု ဒီရွာမှာရှိတဲ့ ပဥ္စင်းသုံးပါးကတော့ သထုံသာသနာဝင် ရဟန်းတွေပဲလေ"

mgyoe.com

mgyoe.com SAMPLE BOOK


"ဒါဖြင့် အရင်က စစ်သည်ရဲမက်တွေလာတော့ အရည်းတွေနဲ့ မတွေ့လိုက်ရဘူးပေါ့"

"မတွေ့လိုက်ရဘူးပေါ့။ ဗိုလ်မြတ်ရာရယ်။ ဒါနဲ့ပဲ မဟာယာဉ်ဝါဒီတွေ ထုလုပ်ကိုးကွယ်ခဲ့တဲ့ မဥ္ဇုသီရိ ဗောဓိသတ်ရုပ်ပွားတချို့၊ ဩလောကိတေသွရ ဗောဓိသတ် ရုပ်ပွားတချို့နဲ့ ပရမိသွာနတ်၊ ဗိဿနိုးနတ် ရုပ်တုတွေ သယ်ယူသွားကြတာပဲ"

မြတ်ရာသည် တွေ၍ ဦးခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

"ဒါကြောင့်လည်း ဒီရွာမှာ စစ်သည်ရဲမက်တွေ နှိမ်လားနင်းလား မလုပ်လိုက်ကြရဘူး ထင်ပါတယ်။ ရွာရဲ့ အစီးအပွား မပျက်ဖူးပလေ။ ကျွန်ုပ်ကျွန်တို့ ရောက်ပေါက်ခဲ့ရတဲ့ ဒေသအချို့မှာ အရည်းတွေနဲ့ တပည့်တပန်းတချို့ စစ်သည်မက်သည်တွေကို အန်တုကြသေးတယ်လို့ သိခဲ့ရပါတယ်"

မြတ်ရာ၏ စကားအဆုံးတွင် တေပိုက ဝင်၍ ပြောပြန်သည်။

"အရိုးတွယ်အောင် ကိုးကွယ်ခဲ့ကြတာ ဆိုတော့ ရုတ်ခြည်း ဖြုတ်ခြည်း မစွန့်ပယ်နိုင်ဘူးပလေ။ ပျဉ်ပြားရွာဘက်မှာ တော်တော် အခြေပျက်ခဲ့တယ်"

တေပို၏ စကားကို ကြားသောအခါ သံပျင်ကြီးသည် ရုတ်တရက် သတိရလာသလိုနှင့် -

"ဟုတ်တာပ၊ ယခုနက ပြောခဲ့တဲ့ ဦးရာကျော်တို့ သားအဖဟာလည်း ပျဉ်ပြားရွာမှာ အခြေပျက်လို့ ဒီကို ရွှေ့လာခဲ့ကြရတာပဲ။ သူတို့ကိုတော့ ကျုပ်ပဲ ဦးစီးဦးရွက်ပြုပြီး ရေတွင်းချောင်ဘက်မှာ တဲထိုးပြီး နေရာချထားပေးရတာ။ ဒါထက် ဗိုလ်မြတ်ရာတို့ရဲ့ အမှုကိစ္စက ဘာရယ်လို့များ ကျုပ် သိနိုင်မလား မဆိုနိုင်ဘူး"

သံပျင်ကြီးသည် သွေးတိုးစမ်းသလို ဟန်မျိုးနှင့် မြတ်ရာကို ကြည့်၍ တစ်ဆက်တည်း မေးလိုက်သည်။ မှန်ပေသည်။ မင်းရေးမင်းရာ ဟူသည် လျှို့ဝှက်ဖုံးဖိ လူသိမခံနိုင်သော အရေးအခင်းတွေကလည်း ရှိတတ်သေးသည် မဟုတ်လော။

ဤပုစ္ဆာကိုတော့ တေပိုနှင့် ငထွန်းတို့တွင် ဖြေဆိုနိုင်မည့် အခွင့်အာဏာ မရှိနိုင်။ ထို့ကြောင့်ပင် သူတို့သည်လည်း ဗိုလ်မြတ်ရာကို ကြည့်လိုက်ကြခြင်း ဖြစ်လေသည်။

မြတ်ရာသည် ပြတင်းမှ ကျော်၍ မြင်နေရသော ထန်းပင်ကို တစ်ချက်ငေးကြည့်လိုက်ပြီးမှ သံပျင်ကြီးသို့ လှည့်၍ စကားဆို၏။

"သံပျင်မင်းကြီးတစ်ယောက် ဆိုပြန်တော့လည်း သိခွင့်ရှိတာပ ဦးရိုးတော်။ ကျွန်ုပ်ကျွန်တို့ဟာ အနယ်နယ် အရပ်ရပ် လှည့်လည်ပြီး အရည်းတွေ အရေးမှာ

mgyoe.com

mgyoe.com
SAMPLE BOOK

ငြိမ်ငြိမ်ဝပ်ဝပ် ရှိ၏၊ မရှိ၏ကို စုံစမ်းပြီး ထီးဘုရားထံသို့ အတင်အလျှောက် ပြုရမယ့် ငန်းတာပဲ ဦးရီးတော်ရေ့''

သံပျင်ကြီး၏ မျက်နှာသည် ရုတ်တရက် ကွက်ခနဲ ပျက်သွားသည်။ ပြီးမှ မျက်နှာထားကို ချက်ချင်းပြင်၍ -

''ကောင်းလေစွ ဗိုလ်မင်းငယ်။ သည်ရွာ အခြေအနေကတော့ မြင်တဲ့ အတိုင်းပလေ။ အဲ ... သို့ကတဲ ညက အဖြစ်ဟာတော့ မသင်္ကာရှိစရာလို ဖြစ်ခဲ့ ပြီ။ ဘုရင့်ရဲမက်တစ်ဦးကို အဓမ္မလုပ်ကြံတာ ပုန်စားထောင်ထားရာ ရောက်ကြောင်း ကျုပ် သိပါတယ်။ ဒါပေမဲ့လည်း အတွေးရခက်သမို့ ပြုသူရှာမရ ဖြစ်နေတယ်။ ဒီအကြောင်းကို ဗိုလ်မင်း အတင်အလျှောက်ပြုရင် ...''

ဟု ပြောနေစဉ်တွင် မြတ်ရာက ကပျာကသီပင် ကြားဖြတ်ဝင်ပြောသည်။

''အို ... ဒီအရေးကို သောကမရှိပါလင့် ဦးရီးတော်။ ကျွန်ုပ်ကျွန်ုပ်တို့ အရေအလည်ရှိအောင် စောင့်ဆိုင်းပါဦးမယ်''

မြတ်ရာ၏ စကားကို ကြားသောအခါ သံပျင်ကြီးသည် ရင်ထဲတွင် အလုံးကြီး ကျသွားသလို ပြုံးရွှင်သွားလေ၏။

''အိမ်း ... သည်သို့ဆို ကောင်းလှပြီ။ ဗိုလ်မင်းတို့ ညနေစာအတွက် သမီးများ အပို့လာပါလိမ့်မယ်။ ရေသုံးသပ်ချင်သပ ဆိုရင်လည်း စရည်းအိုးတွေ ထဲမှာ အရန်သင့် ရှိလေရဲ့။ လုလင်ကျော်တွေ စေပါးထားပြီးပြီ''

''သြ ... သြ၊ ကျွန်ုပ်ကျွန်ုပ်တို့အတွက် မကြောင့်ကြပါနဲ့ ဦးရီးတော်၊ စစ်မှုထမ်းဟာ ရောက်လေရာ အပန်းမကြီးရပါဘူး ခင်ဘုရား''

သံပျင်ကြီးလည်း နှုတ်ဆက်၍ ထပြန်သွားလေသည်။ သံပျင်ကြီး မရှိတော့မှ တစ်ချိန်လုံး ငေးငိုင်နေသော ငထွန်း၏ လေသံ ထွက်ပေါ်လာ၏။

''တေပို၊ ငါတော့ သံပျင်ကြီးကိုပဲ သင်္ကာမကင်း ရှိချင်တယ်''

''ဘာလဲကွဲ့ ထွန်းရဲ့၊ မင့်စကားက အရင်းမဲ့လှချည့်''

''လုပ်ကြံသသူကို သူများ သိလေရော့သလား''

''ကိုရင်ထွန်း အဆုံးအဖြတ် မြန်လွန်းပါသော်ကော။ ရွာမကြေသေးဘဲ ရွာအနေကို မဖြတ်သင့်ဘူးလေ။ အစာတောင်မှ ကြေဖို့ဟာ ကာလလင့်ရပါတယ်''

မြတ်ရာသည် ပြောပြောဆိုဆိုနှင့် ပုဆိုးဟောင်းကို လဲကာ ရေမိုးသန့်စင် ရန် ပြင်ဆင်လိုက်လေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

ကြေံတတ်သည် မျှော်လင့်ချက် မီးတောက်တွင် စိုးရိမ်မှု မီးခိုးကလေး များ ရင်ဝယ်ပိုက်၍ ငှက်ပျောတောကို ခပ်သုတ်သုတ်ကလေး ဖြတ်လာသည်။ သူဦးတည်ရာဖြစ်သည့် တဲငယ်ကလေးသည် ခေါင်မိုးဆီမှ မီးခိုးကလေး တလူလူ ဖြင့် ငှက်ပျောတော အဆုံးနားတွင် ရိုးတိုးရိပ်တိတ် မြင်နေရသည်။

တဲငယ်ဝသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကြေံတတ်သည် ချောင်းဟန့် သံ တစ်ချက် ပေးလိုက်ရာ တဲတွင်းမှ လုံမပျိုသည် အသော့ကလေး ထွက်လာ သည်။

"ဟင် ... ကိုရင်ကြံတတ်ကိုး၊ အဖ ပြန်လာတယ် မှတ်လို့"

လုံမပျို၏ အဖသည် ဘယ်မှာရှိနေသည်ကို ကြံတတ် သိပြီးသားပါ။ အသုဘအိမ် ကြွေအန်ဝိုင်းတွင် သူကိုယ်တိုင် တွေ့ခဲ့ပြီးမို့ ဖြစ်သည်။

"ခင်ငယ်က အဖကိုမှ ကြိုမယ်လား။ ကျုပ်ကိုတော့ မလာစေချင်ဘူး ပေါ့"

ကြံတတ်သည် တဲပေါက်ဝတွင် ရပ်လျက်ကပင် ပြော၏။ အသက် ဆယ့်ရှစ်နှစ်ခန့်သာ ရှိသေးသော လုံမပျိုသည် မျက်နှာလေးတစ်ချက် အိုသွားကာ ခေါင်းကို ငုံ့လိုက်သည်။

"ခင်ငယ်တို့က တစ်ရွာသူတွေပါ ကိုရင်ရယ်။ ဒီရွာမှာ အားကိုးရယ်လို့ သံပျင်ဘဘကြီးနဲ့ ကိုရင်တို့ပဲ ရှိတာပဲဟာ။ ကိုရင် အဘယ်ကြောင့် ဒီစကားမျိုး ပြောတာလဲ၊ ခင်ငယ် အားငယ်လှပါဘိ"

mgyoe.com

mgyoe.com SAMPLE BOOK



ကြေဲတတ်သည် အိုခင်ငယ်ကို ကြည့်၍ ရင်ထဲတွင် မကောင်းဖြစ်သွားမိသည်။ ဖြူဖွေးကြော့ရှင်းသော လုံမပျို၏ အသည်းနှလုံးကို ပျော့ပျောင်းရုံသာ ဖြစ်စေလိုသည်။ မွမွတော့ မခြေချင်ပါ။

``ခင်ငယ် နမ၊ မျက်နှာ မညိုနဲ့လေ။ ကျုပ်က ကျီစားတာပါ။ ဒါနဲ့ ပြောရဦးမယ်။ ဘကြီးထံမှာ ဧည့်တွေ ရောက်နေတယ်။ ပုဂံစစ်သည်တွေလေ။ မင်းမှုနဲ့ ရောက်လာကြတယ်''

အိုခင်ငယ်သည် ကြေဲတတ်ကို ဖျတ်ခနဲ မော့ကြည့်သည်။ စိမ်းမြမြ မှောင်နေသော မျက်ခုံးနှစ်ခုအကြားမှ ဆင်းလာသည့် ဖြောင့်စင်းသော နှာတံကလေး၏ တစ်ဖက်တစ်ချက်တွင် မျက်နက်ဝန်းကလေးများ တဖျပ်ဖျပ် တောက်ပနေကြလေသည်။

``ဟုတ်လား ... ဟင်၊ သူတို့ ဘာကိစ္စ ဘာအမှုနဲ့များ လာကြတယ်မသိ''

ကြေဲတတ်သည် အိုခင်ငယ်ကို စိုက်၍ ကြည့်နေသည်။ အိုခင်ငယ်၏ ဖြူဖွေးသော လက်ယာဘက် ပါးမို့မို့ကလေးပေါ်တွင် အပ်ခေါင်းသာသာ မှည့်ငယ်ကလေးသည် လယ်ပြင်တွင် သွားနေသော ဆင်တစ်စီးကို မြင့်မားသော တောင်ထွတ်ပေါ်မှ စီး၍ ကြည့်ရဘိ၏သို့။ သည်မှဲ့ချေကလေးကို နှာထိပ်ဖိ၍ နမ်းချင်စမ်းပါဘိ။ သို့သော် အိုခင်ငယ်၏ မျက်လုံးရောင်ကြောင့် သူ့ရင်ဝယ်သောကမှုန်တိုင်းသည် ရုတ်ခြည်းပင် ဝင်ရောက်ခဲ့သည်။

``ဘယ့်နှယ်လဲ ခင်ငယ်၊ စစ်မှုထမ်းဆိုလို့ အားကိုးလိုက်ချင်ပြီလား၊ ပြောစမ်း''

ရာမမင်း၏ လေးကိုင်းသဖွယ် နီရဲသော အပေါ်နှုတ်ခမ်းကလေးသည် နေရာရွှေ့ရုံသာ ရှိပေမယ့် ပြည့်ပြည့်ပုံ့ပုံ့ကလေး ဖြစ်သော အောက်နှုတ်ခမ်းကား သိသိသာသာ နိမ့်ဆင်းလာသည်။ ပြီးတော့ အိုခင်ငယ်၏ မျက်လုံးမှ တောက်ပမှုသည်လည်း မှေးမှိန်လာ၏။

``ကိုရင် ဘာစကားပြောတယ် ဆိုတာ ခင်ငယ် မကြဲနိုင်ပါကလား။ ရွာကို ဧည့်ရောက်တယ်ဆိုလို့ ဧည့်သည်ချင်း အာရုံရောက်တာပါ''

``ခင်ငယ့်စကား မှသား တစ်ဝက်ပါတယ် ကျုပ် ထင်ပါတယ်။ ပုဂံစစ်သည်လို့ ဆိုစကားကြားရုံနဲ့ ခင်ငယ့်စိတ်ဟာ ကွန့်မြူးလာပေါ့။ ဘာမှ အထွေအထူး ကြံစရာ မလိုဘူး။ ဒီမှာ ... ခင်ငယ် အားကိုးရာရင် ဒီရွာထဲမှာပဲ ရှာစေချင်တယ်။ ပုဂံစစ်သည်ကို မခုံမင်ပါနဲ့''

mgyoe.com

mgyoe.com SAMPLE BOOK


အိုခင်ငယ်သည် ပုဂံစစ်သည်စကား စရုံရှိသေး ငကြဲတတ်က စွပ်စွပ်စွဲစွဲတွေ ပြောသည်ကိုတော့ နားမလည်နိုင်သည်နှင့် အမှု့ အံ့အားသာ ပို၍ ပို၍ သင့်ရသည်။

"ကိုရင် ငကြဲတတ်၊ မသင့်မလျော် စကားတွေ ကြားလှချည်ကလားရှင်။ ပုဂံစစ်သည်တွေက ဘယ်နှယောက်မှန်းလည်း ခင်ငယ် မသိ။ ဖြူသလား၊ မည်းသလားလည်း မသိ။ ဒါကို ဘောက်မဲ့ကြောင့် စကားကျွံသလဲ။ သင်းတို့မှာရော အိမ်သူတွေ မရှိတဲ့လား"

ငကြဲတတ်သည် အိုခင်ငယ်ကို စိုက်၍ ကြည့်နေပြန်၏။ အိုခင်ငယ်ကလည်း မခံချင်စိတ်ကြောင့် ပြန်လည်၍ စိုက်ကြည့်နေသည်။

"ဗိုလ်မြတ်ရာ ဆိုတဲ့ သူကတော့ လူလွတ်တဲ့ ခင်ငယ်ရေ့။ သူ့ကို ကျုပ် မြင်ခဲ့ပြီ။ ကံပါရမီကောင်းလှတဲ့ လူပဲ။ လူမိန်းမ မဆိုထားနှင့် နတ်မိန်းမ တောင်မှ မြင်ရင် မြတ်နိုးနိုင်တဲ့ ရုပ်ဆင်းအင်္ဂါနဲ့ ပြည့်စုံတဲ့ သူပဲ"

"ခင်ငယ် မမြင်ဖူးပါဘူး၊ ဒါပေမဲ့ သူ ဒီလို ရုပ်ဆင်းမျိုးရှိတော့ကော ခင်ငယ်နဲ့ ဘယ်လို ပတ်သက်သလဲ ကိုရင်"

"အဖြောင့်ပြောရတော့မယ် ဆိုရင်လည်း အဖြောင့်ပဲ ပြောပါတော့မယ်။ ကျုပ်ရင်ထဲမှာ ဒွိဟနှောင့်နေတယ်။ ခင်ငယ်က သူ့ကို မြင်သွားရင် … ခင်ငယ် နှစ်သက်မျှားသွားမလား စိုးရိမ်နေမိတယ်"

အိုခင်ငယ်သည် သွားကလေးများ ပေါ်အောင် ပြုံးမိတော့သည်။

"ကိုရင်ကြဲတတ်ဟာ မအပ်မရာ တော်တော်တွေးတယ်။ ခင်ငယ်ဟာ မိန်းကလေးရှင့်။ မိန်းမတို့ ဆောက်တည်ရာကား ဣန္ဒြေလို့ ဆိုပါတယ်။ ခင်ငယ်မှာ ဣန္ဒြေတွေ၊ သိက္ခာတွေ ကုံလုံပါတယ် ကိုရင်ရယ်"

အိုခင်ငယ်က ဤမျှလောက် အာမခံနေသော်လည်း ငကြဲတတ် တစ်ယောက်ကတော့ဖြင့် ကျေနပ်ပုံ မရချေ။

"ဣန္ဒြေ သိက္ခာဆိုတာက ရုပ်ကာယအတွက်ပဲ လုံခြုံပါတယ်။ စိတ်နှလုံးထဲကို အာရုံအထွေအထူး ဝင်မလာနိုင်အောင် မကာကွယ်နိုင်ဘူး"

အိုခင်ငယ်သည် အသံကလေး ထွက်အောင် ရယ်မိ၏။

"သူတို့ ပုဂံစစ်သည်တွေ ဆိုတာဟာ မြက်သီးတွေလိုပဲလို့ ကြားဖူးပါတယ်။ ကြုံဆုံရာမှာ တွယ်ငြိတတ်တာတွေပါ။ သူတို့ရဲ့ မေတ္တာကို မက်မောယုံကြည်စရာ မရှိပါဘူး ကိုရင်ရယ်"

"ခင်ငယ်၊ မယ်မင်း ငယ်သေးတယ်။ မိန်းမသားတွေဆိုတာ ခင်မင်မိပြီ

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုရင် တော်၏၊ မတော်၏လို့ ဘယ်နံရောအခါမှ မဆင်ခြင်တတ်ဘူးတဲ့''

ကြေးတတ်၏ စကားကို ကြားသောအခါ အိခင်ငယ်သည် အောက်နှုတ်ခမ်းကလေးကို ရှေ့သို့ မသိမသာထုတ်၍ ပြည့်ဝန်းသော မျက်လုံးကြီးဖြင့် လှည့်ကြည့်ကာ ဦးခေါင်းလေးကို ငဲ့တိမ်းလိုက်သည်။

''ကိုရင်ပြောတဲ့ စစ်သည်ကလည်း လူလွတ်၊ ခင်ငယ်ကလည်း ရည်းသူမဲ့ဟာ အာရုံငြိတော့ကော အန္တရာယ် ရှိမှာတဲ့လားရှင်''

ကြေးတတ်သည် အိခင်ငယ်၏ ပခုံးကို လက်နှစ်ဖက်နှင့် စုံကိုင်၍ အထပ်ထပ် လှုပ်ကိုင်မိတော့သည်။

''ခင်ငယ် ... ဒီစကား မဟာနဲ့၊ ကျုပ် မကြိုက်ဘူး။ မယ်မင်းကို ကျုပ် ချစ်တယ်။ မယ်မင်း ကျုပ်ကို ချစ်ရမယ် ခင်ငယ်။ ကျုပ်ဟာ မယ်မင်းကို သက်ခင်ပြတ်မျှ ချစ်နေရသူပါ''

''အို ...''

အိခင်ငယ်သည် မျက်လုံးကလေးများ ဝိုင်းသွား၍ နောက်သို့ တစ်လှမ်း ဆုတ်လိုက်ရာ ကြေးတတ်၏ လက်မှ လွတ်သွားသည်။

''ကိုရင်၊ ခင်ငယ့်ကို မညှဉ်းပန်းပါနဲ့။ ခင်ငယ်ဟာ ငယ်ပါသေးတယ်။ ချစ်ရေးကို နားမလည်ဘူး။ နားလည်း မလည်ချင်ဘူး၊ ကြောက်တယ်''

လုံမပျိုကို ချစ်သည်။ သူ့အချစ်ကိုသာ တောင့်တသည်။ သူ့အကြောက်ကိုတော့ ကြေးတတ် မလိုလားခဲ့ပါ။ သူက 'ကြောက်တယ်' ဆိုပြန်တော့လည်း ကြေးတတ်မှာ လက်အမ်း ချရတော့မည်ပေါ့။

''ကျုပ် မရိုင်းပါဘူး ခင်ငယ်ရယ်။ လောကကမှာ ခင်ငယ် ဘယ်သူ့ကိုမှ မချစ်ချင်နေပါ၊ ချစ်ရင်တော့ ကျုပ်ကိုပဲ ချစ်စေချင်တယ်''

အိခင်ငယ်သည် မျက်ရည်တွေ ဝိုင်း၍ ဦးခေါင်းကို ငုံ့ထားသည်။ လုံမပျိုတို့၏ အချစ်စိတ်သည် ခရုကဲ့သို့ ကြောက်စိတ်ဝင်လျှင် ငုပ်လျှိုးသွားတတ်လေသလော။

''အဲဒီ ကတိကို ပေးပါဘိ ခင်ငယ် ပေးပါဘိ''

ကြေးတတ် ဘာပြော၍မှ အိခင်ငယ် မလှုပ်တော့ပါ။ ဦးခေါင်းကြီးကိုသာ အတွင်းသား ငုံ့ထားသည်။ ကြေးတတ်၏ ရင်မှာ တဒိတ်ဒိတ် ခုန်လာသည်။ သင်းကလေးကို ရင်ခွင်ထဲ အတင်းထည့်သွင်းပြီး စကားပြောမှ လွတ်ပေးရသော် ကောင်းမည်ဟု စိတ်ကူးရိုင်း ဝင်လာခဲ့လေ၏။

ရုတ်တရက်ပင် ကြေးတတ်သည် ရှေ့သို့ တစ်လှမ်း တိုးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK



ငှက်ပျောတောဆီမှ ဝင်လာသော လူရိပ်ကို မြင်ရ၏။ ကြေးတတ်သည် စိတ်ကို ပြောင်းလိုက်ကာ နောက်သို့ ပြန်ဆုတ်၍ လှည့်ကြည့်သည်။

"သြော် ... ဦးရိုး၊ ပြန်ရောက်ခဲ့ပြီလား။ ပုဂံဧည့်တွေ ရောက်နေကြောင်း ခင်ငယ်နဲ့ စကားဆုံနေကြတယ်လေ"

ကြေးတတ်က ရယ်မော၍ ပြောသည်။ ဦးရာကျော်သည် ခပ်အေးအေးပင် ဝင်ခဲ့၏။

"ငါတို့တော့ မိုလ်မြတ်ရာနဲ့ အသုဘအိမ်မှာ စကားဆုံခဲ့ပါပြီကော။ အိမ်ကိုလည်း အလည်လာဖို့တောင် ခေါ်ပြီးပြီ။ မောင်ရင့်စကား နောက်ကျပါဘိ ကွယ်"

❑

mgyoe.com

mgyoe.com SAMPLE BOOK

တေပိုနှင့် ထွေန်းတို့သည် ရေတွင်းအထိ ရေသွားချိုးကြသည် ဆိုသော ကြောင့် အိမ်ပေါ်တွင် မြတ်ရာနှင့် အိုအိမ်သည်တို့ နှစ်ယောက်သာ ရှိနေ၏။

အိုအိမ်သည်သည် ဖခင်ကြီး၏ စေခိုင်းချက်အရ မြတ်ရာတို့အတွက် ညစာ ထမင်းအုပ်ကို လာရောက် ပို့ဆောင်ခြင်း ဖြစ်သည်။

''မောင်ကြီးတို့ မြို့ကြီးသားတွေ ကြိုက်မှ ကြိုက်ကြမလား မသိ။ ကျွန်တော်မကတော့ အားစိုက်ပြီး ချက်ပြုတ်ခဲ့တာပဲ''

မြတ်ရာသည် အသားညိုချောကလေး အိုအိမ်သည်ကို တစ်ချက်ပြုံးပြသည်။

''မောင်ကြီးတို့ဟာ မင်းလုလင်တွေပါ နှမရယ်။ အစားအသောက် အနေ အထိုင်တွေမှာ ဇာချဲ့လို့ မရပါဘူး''

မြတ်ရာသည် ရေချိုးပြီးစမို့ အင်္ကျီမစွပ်သေးဘဲ ရှိသည်။ အိုအိမ်သည် လာပို့သည့် အုပ်ကို အဖုံးဖွင့်ကြည့်လိုက်၏။ အိုအိမ်သည်ကား မြတ်ရာ၏ ကျယ်ပြန့်သော ရင်အုပ်၊ ကြွက်သား အဖုအထစ်များနှင့် လက်ရုံးများကို ငေးမော စိုက်ကြည့်နေမိသည်။ ဤလက်သည်ပင် ကျောက်စီဓားကို လွှဲယမ်း၍ စစ်မြေပြင် များစွာတွင် ယောက်ျားပီပီ တစ်ဖက်ရန်သူများကို ခုတ်ထစ် နှိမ်နင်းခဲ့သည် ဖြစ်ရချေ မည်။ မိုးနွေမရှောင် သွားလာခဲ့ရသူမို့ အသားညိုမောင်းသည်ကိုသာ ပြောစရာရှိ၏။ မျက်နှာသွင်ပြင်ကား တစ်ခါမြင်မိလျှင် လုံမပျိုတို့၏ အသည်းတွင် ရစ်ဝဲ၍ တစ်သက် တာ စွဲသွားလောက်သည် ထင်မိသည်။ သူနှုတ်ခမ်းမွေး စစက ...၊ အိုအိမ်သည်သည် ကြက်သီးများ ဖြန်းခနဲ ထ၍ မျက်နှာညိုစိမ့်စိမ့်မှာ သွေးရောင်ကြောင့် မရန်းစေ့သွေး

mgyoe.com

mgyoe.com SAMPLE BOOK


ပြေးသွားရသည်။ အဘယ် ကံကောင်းလှပါသော လုံမပျိုသည် ဘေးအန္တရာယ်တိုင်းကို ကာကွယ်နိုင်သည့် ဤရင်ခွင်ထဲဝယ် ခိုမှီးနိုင်ပါအံ့နည်း။

အိုအိမ်သည်သည် ပုဆစ်တုပ်ထိုင်နေရာက မျက်လွှာကို ကြမ်းပြင်သို့ချ၍ သက်ပြင်း မှုန်းမှုန်းကလေး ချမိသည်။ နှုတ်မှ စကားသည် မုသားတွေ စွက်ချင်တိုင်း စွက်နိုင်၏။ ကြိုက်သလို တုန်ဆာဆင်နိုင်သည်။ သက်ပြင်းချရခြင်းကား နှလုံးသား၏ ဘာသာစကားဖြစ်၍ အယောင်ဆောင်မှု ကင်းသည်။ သစ္စာစကား သန့်သန့်ပင်တည်း။

"အိုအိမ်သည် နှမငယ်၊ မောင်ကြီးက အုပ်ကို ဖွင့်ကြည့်ရုံနဲ့ စိတ်ပျက်လွယ်လွန်းပြီ ထင်ပ့ါ။ စင်စစ်ပြောရရင် မောင်ကြီး ထိုင်ရာက မထနိုင်လောက်အောင် ဖြစ်မယ့် ဟင်းလျာတွေပါပဲကွယ်။ မယ်မင်းလက်ရာကောင်းလို့ အမရာ ရှိုက်ကြီးတငင် ပူဆွေးရမယ်ထင်ရဲ့"

မြတ်ရာသည် စကားအဆုံးတွင် ရော၍ ပြုံးလိုက်သည်။ လုံမပျိုကတော့ တစ်ကြိမ် ထပ်မံ၍ မော့မကြည့်တော့ချေ။ အာရုံထွေထွေပြားနေခိုက် ကြည့်မိလျှင်လည်း သူ့ပင် ရာသက်ပန် ဆွေးမြည့်ရချေမည်။ သို့ကြောင့်ပဲ ငုံ့ရင်းကသာ စကားပြန်ပြောရ၏။

"အမြောက်အပင့်တွေ သန်လှပါတယ် မောင်ကြီးရယ်။ ယုန်သားနဲ့ မန်ကျည်းရွက်ဟင်းက အမရာကို မပြိုင်နိုင်ပါဘူးရှင်"

မြတ်ရာသည် ထပ်မံ၍ ရယ်လိုက်ကာ အိုအိမ်သည်၏ ရှေ့တွင် ဝင်ရောက်ထိုင်လေသည်။

"နှမတို့ အလုပ်တွေ များလှတော့ မောင်ကြီး အားနာလှပါဘိတယ်။ မောင်ကြီးတို့အတွက်လည်း အပန်းတကြီး မရှိပါစေနဲ့လေ"

"အတွက်မဟုတ်ပါ မောင်ကြီးရယ်၊ အိမ်သည်ဝတ်မကျေရင် နောင်ကို ပြောစရာကြီး ဖြစ်မှာ စိုးရပါတယ်"

"ဩော် … ဒါထက်၊ နှမတို့ ရွာကြီးမှာ အရည်းလက်ငုတ် လက်ကျန်တွေ ကင်းရှင်းတယ်နော်"

"ဩ … အရည်းကျော် မထီးကျော်တွေ သီတင်းမသုံးခဲ့တော့လည်း ကင်းရှင်းတာပေါ့ မောင်ကြီးရဲ့။ ရှေးကတော့ သိဒ္ဓိအဖြစ် ပေါက်ရောက်တဲ့ အရည်းတွေ ရှိတယ် ကြားရပါတယ်။ ထုံဝင်တောင်မှာ သီတင်းသုံးခဲ့တယ် ဆိုပါတယ်။ ကျွန်တော်မတော့ ထုံဝင်တောင်ပေါ် မပြောနဲ့ သိကြားအိုင်နားတောင် မသွားဖူးဘူး။ ကျွန်တော်မက အသည်းငယ်ပါတယ်"

mgyoe.com

mgyoe.com
SAMPLE BOOK


သိကြားအိုင် …၊ မြတ်ရာ၏ နှလုံးသားကို ခါသွားအောင် ပဲ့တင်ရိုက်လိုက်သည်။ သိကြားအိုင်။ ဖြူဖွေးချောမောသော ဟင်းရွက်ခူး လုံမပျို၏ မျက်နှာသည် တရေးရေး ပြန်ပေါ်လာသည်။

''သြော် … အိုအိမ်သည်၊ မယ်မင်းမှာ အဖော်အပေါင်းတွေ တော်တော်များများ ရှိသလား''

အိုအိမ်သည်သည် မြတ်ရာကို မျက်မှောင်ကလေး ကုတ်၍ ကြည့်၏။

''သံပျင်သမီးပဲ မောင်ကြီးရယ်၊ တစ်ရွာလုံး ပေါင်းချင်ကြသပေါ့''

''မျက်ခုံး၊ မျက်တောင် ကောင်းကောင်း၊ နှာတံဖြောင့်စင်းစင်း၊ အသားဖြူဖြူ၊ နှုတ်ခမ်းရဲရဲကလေးနဲ့ လုံမကို သိသလား''

အိုအိမ်သည်သည် တွေသွားမိ၏။ သူ့အပေါင်းအသင်းတွေ၏ မျက်နှာပုံပန်းများကို ပြန်လည်၍ တွေးတောနေခြင်း ဖြစ်မည်။

''အသက်က ဘယ်လောက်လောက် ရှိပြီလဲ ဟင်''

''နှမတို့လောက်ပဲ ရှိဦးမယ်''

မျက်နှာဝန်းကလေးတစ်ခုသည် အိုအိမ်သည်၏ မှတ်ဉာဏ်ထဲသို့ ပြက်ခနဲဝင်ရောက်လာခဲ့လေ၏။

''ညာဘက် ပါးမို့ပေါ်မှာ မှဲ့ကလေးတစ်ပြောက်နဲ့လား''

မြတ်ရာသည် လုံမ၏မျက်နှာကို ပြန်၍ အာရုံခံကြည့်၏။ သတိမထားမိခဲ့ချေ။ တစ်ခုတော့ ရှိသည်။ ထိုစဉ်က လုံမပျိုသည် ပါးကွက်ကျဲကြီးနှင့် ဖြစ်၍ မှဲ့ရှိသော်လည်း မြင်နိုင်ချင်မှ မြင်နိုင်မည်။ ပြီးတော့ မိမိ၏ ရင်ခွင်ထဲ လက်ဝဲဘက်သို့သာ ငုံ၍ စကားဆိုခဲ့သည်မို့ လက်ယာဘက်ပါးကို မိမိ သတိမပြုနိုင်ခြင်းလည်း ဖြစ်နိုင်သည်။

''အိမ်း … ဟုတ်ချင် ဟုတ်မယ်၊ ဒီအထိတော့ သတိမရှိဘူး''

''ဒါဖြင့် … အိုခင်ငယ် ဖြစ်မှာပေါ့။ သူကလည်း ရွာခံ မဟုတ်ပါဘူး။ တစ်ရပ်တစ်ရွာက ရွှေ့လာတာ''

''ဦးရာကျော်ရဲ့သမီး ဆိုတာလား''

''သြ …၊ အဲ့ နေပါဦး၊ မောင်ကြီးက သူ့ကို သိသလား''

မြတ်ရာသည် သက်ပြင်းကို ရှူသွင်းလိုက်သည်။

''မကျွမ်းပါဘူး၊ မောင်ကြီးတို့က အရပ်တကာ လည်နေခဲ့ရတော့ ပျဉ်ပြားရွာဘက်မှာ သတိပြုမိတာပါ။ သူကတော့ မှတ်မိမလား မသိ''

ကြားထားသမျှ စကားတွေကို နင်း၍ မြတ်ရာသည် လှည့်ဖြား ပြောဆို

mgyoe.com

mgyoe.com SAMPLE BOOK


လိုက်သည်။ သိကြားအိုင်တွင် တွေ့ပုံတွေ့နည်းကြီးကို ဤလုံမပျိုသို့ သူ မပြန်ကြားလိုချေ။

အိုအိမ်သည်သည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်၏။

''ဒါဖြင့် ဟုတ်မယ်မောင်ကြီး၊ ဟုတ်မယ်။ သူတို့က ပျဉ်ပြားရွာဘက်က ရွှေ့လာကြတာ''

ထိုအခိုက်တွင် ခြေသံများ ထွက်ပေါ်လာ၍ တေပိုတို့ ပြန်ရောက်လာသည်။ သံပျင်ကြီး၏ သမီးကို မြင်သော် မြတ်ရာ၏ မျက်နှာကို ဖျတ်ခနဲကြည့်၍ တေပိုသည် စပ်ဖြဲဖြဲ ဖြစ်သွားသည်။

မြတ်ရာကမူ တေပို၏ မျက်နှာထားကို မမြင်ကျိုးကျွန်ပြုကာ ထွန်းသို့ ကြည့်၍ လှမ်းပြော၏။

''အဝတ်လျှင်လျှင် လဲကြ၊ ညစာစားကြရအောင်၊ ဆာလှပြီ''

''မောင်ကြီးတို့ စားပြီးရင် ခွက်ယောက်တွေ ထားရစ်၊ ကျွန်တော်မ အတန်ကြာရင် လာသိမ်းငင်လှည့်မယ်''

အိုအိမ်သည်သည် ခပ်သွက်သွက်ကလေး ဆင်းပြေးလေ၏။ တေပိုကား မြတ်ရာကိုကြည့်၍ တဟဲဟဲ ရယ်လိုက်သည်။ မြတ်ရာ မျက်မှောင်ကုတ်လျက်ကပင် ထ၍ အတွင်းခန်းသို့ ဝင်သွားလေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

အသုဘအိမ်တွင်ကား နက်ဖြန် ရက်လည်တော့မည် ဖြစ်သောကြောင့် ရွာလုံးကျွတ် ဝိုင်းဝန်း လုပ်ကိုင်ပေးနေကြ၏။ ပန်းရန်သည်ကြီး ဦးသင်ခါမှာ ငွေကြေး ကုံလုံလှသူ မဟုတ်သဖြင့် သံပျင်ကြီး အနန္တသူ၊ ကျောင်းဒကာကြီး ဦးပြည့်ဝ၊ အသည်ကြီး ဦးဒေဝိန် စသည့် ရွာနေလူကြီးများက ငွေကြေးကူညီကြသည်။ ရွာသူ ရွာသားများကတော့ လုပ်အားကူညီကြ၏။

ငပူဆာတစ်ယောက်ကတော့ လေအားတွေ ကူညီနေသည်။ သူကား မြတ်ရာတို့ ရွာဝင်စက လိုက်ပို့သူနှစ်ဦးအနက် တစ်ဦးဖြစ်၏။ သူတို့သည် ဝါးပင်များ ခုတ်ကာ အလောင်းစင်ပြင်ခြင်း၊ အသုဘကောင်ကို သင်္ဂြိုဟ်ပေးခြင်း စသည်တို့ကို ပြုလုပ်ကူညီပေးခဲ့ပြီ ဖြစ်သောကြောင့် ရက်ပင်လည်တော့မည့် အခါတွင် လေအားကိုပဲ ကူညီပေးနိုင်သည်။

"မောင်မင်းတို့က မမြင်လိုက်ကြလို့၊ ငါက အလောင်းကြီးကို ပူပူနွေးနွေး မြင်လိုက်ရတာ။ ပါးစပ်ကလည်း လျှာကြီး အလျားလိုက် ထွက်လို့၊ မျက်လုံးကြီးတွေ ဆိုတာ မြင်မကောင်းအောင် ပြူးထွက်နေတာပဲ။ လယ်ပုစွန်လုံးက အဖ ခေါ်ရမယ့် အတိုင်းပဲ ကွယ်တို့"

"လွန်သူမှာ တခြား ဒဏ်ရာဒဏ်ချက် ဘာတစ်ခုမှ မရှိဘူးလား"

ဝိုင်း၍ နားထောင်နေကြသူများအနက် တစ်ယောက်က ဖောက်၍ ဝင်မေး လိုက်သည်။ ငပူဆာသည် ထိုသူဘက်သို့ လှည့်၍ ပြန်ဖြေ၏။

"လည်ပင်းမှာ ရစ်ပြီး ညိုမည်းမည်းကလေး ယောင်ယောင် တွေ့တာက

mgyoe.com

mgyoe.com
SAMPLE BOOK


လွဲလို့ ဘာဒဏ်ရာဒဏ်ချက်မှ မရှိပါကွာ။ ပုံပန်းသဏ္ဌာန်က လည်မျိုညှစ်ပြီး လုပ်ကြံခံရဟန် တူပါတယ်"

"လွှန်သူကိုယ်နှိုက်က ပုဂံစစ်သည်ဆိုပဲ၊ တုတ်တုတ်ခိုင်ခိုင် နေမှာပေါ့"

"သန်မာပြီလား ကိုရင်ရယ်။ လက်ဖျံတစ်လုံးတစ်လုံး လက်နှစ်ခုပ်စာ ရှိရှိမယ်သာ၊ မလျှော့ပါးဘူး"

"ဒါဖြင့်ရင် သူ့လို လူမျိုးကို လည်မျိုဖျစ် လုပ်ကြံနိုင်တာဖြင့် ဘယ်လို သတ္တဝါမျိုး ဖြစ်ပါ့မလဲ"

"ဘီလူးဖြစ်မှာပေါ့ကွယ်"

စကားဝိုင်းထဲက အသည်းငယ်သူ အချို့မှာ မျက်နှာတွေ ဖြူဖပ်ဖြူရော် ဖြစ်ကုန်သည်။ အသက် လေးဆယ့်ငါးနှစ်ခန့်ရှိသူ တစ်ဦးကတော့ ငပူဆာ၏ စကားကို လက်သင့်ခံလိုဟန် မတူချေ။

"ကြံဖန် ပြောရော့မယ် ငပူဆာငယ်။ သည်ရွာမှာ ဥပါဘီလူးရဲ့တယ်လို့ လူမှန်းသိကတည်းက မကြားဖူးပေါင်"

"ဒါကတော့ အရင့် အရင်က ဓာရဏီတွေ ရွတ်ဖတ်ကြလို့ပေါ့"

"ဟဲ့ ... ဓာရဏီနဲ့ ရည်တူတဲ့ ပရိတ်တော်တွေ ခုလည်းပဲ သင်ကြီးတွေ ရွတ်မြဲပါ့ကွ။ ငါတော့ ဥပါဖမ်းတယ် မထင်"

"ဒါဖြင့် ဒါလောက်သန်ကျောတဲ့ မင်းဒလင်ကို ဘယ်လိုလူမျိုး လာပြီး လုပ်ကြံနိုင်မှာတဲ့လဲ"

"ဒါတော့ ငါလည်း မဆိုနိုင်ပေ။ သူ့လိုသန်ကျောတဲ့ စစ်သည်မက်သည် အချင်းချင်းထဲက ဆိုရင်ကော မဖြစ်နိုင်စဲ့"

အားလုံးသည် မလှမ်းကမ်းတွင် ဦးသင်ခါနှင့် စကားဆုံနေသော ဗိုလ်မြတ်ရာဆီသို့ လည်းကောင်း၊ တေပိုနှင့် ငထွန်းတို့ကို လည်းကောင်း တစ်ချက်မျှ လှည့်ကြည့်ကြပြီး အားနာသွားသယောင်နှင့် စကားဝိုင်း ဆိတ်သွား၏။ ကောက်ညှင်းပေါင်း၊ လက်ဖက် စသည်တို့ကို ဖိ၍ စားနေကြသည်။

အိမ်ပြင် ဘူးစင်ဘေးတွင် အချက်အပြုတ် အလုပ်များ၌ ဝိုင်းဝန်း အားပေး ကူညီနေကြသော အပျိုဝိုင်းကလည်း မသေးလှချေ။ သူ့အစု၊ သူ့အအုပ်ကလေးများ နှင့်သူ လုပ်ငန်းများကို ခွဲယူဝေခြမ်း လုပ်ကိုင်နေကြသည်။

"ခင်ငယ် ... ခင်ငယ်၊ ဟိုကဲလားပေါက်ကို ကြည့်ဘိ ... ကြည့်ဘိ"

အိုအိမ်သည် ခပ်တိုးတိုး တိုက်တွန်းချက်ကြောင့် အိုခင်ငယ်သည် ပြတင်း ဆီသို့ လှမ်းကြည့်လိုက်သည်။ တစ်စုံတစ်ယောက်နှင့် စကားပြောနေသော ယောက်ျား

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ဦး၏ ကိုယ်ကို တစ်ဝက်တစ်ပိုင်း မြင်တွေ့ရသဖြင့် အိုအိမ်သည်ဘက်သို့ ပြန်လှည့်ကာ ပြောသည်။

"ဘာများလဲ အိမ်သည်ရယ်၊ အထိတ်တလန့် ရှိပါဘိ"

"သူ့ကို မယ်မင်း သိသလား"

"ဟင့်အင်း ... မသိတကား၊ ဘောက်မဲ့ကြောင့် သိရမှာလဲ"

"မှုသားမဆိုတမ်းလေ"

"မဆိုပါ အိမ်သည်ရဲ့၊ တစ်ခါမှ မကြိမ်ဘူးပေါင်"

"ပုဂံစစ်သည် ဗိုလ်မြတ်ရာဆိုတာ သူပဲလေ"

အိုခင်ငယ်သည် တစ်ဖန် ပြန်လှည့် ကြည့်ပြန်သည်။ မြတ်ရာကား ပြတင်းနားက ထွက်ခွာလာ၍ အိမ်ရှေ့ အဆင်းအတက်နားသို့ ရောက်ခဲ့သည်။ အဆင်းအတက်နားတွင် သံပုဂ်ကြီးနှင့် ရပ်၍ စကားဆုံနေပြန်၏။ အိုခင်ငယ်သည် ပြန်လှည့် လိုက်သည်။

"ခင်ငယ်၊ သူ့ကို တကယ် အမှတ်မရှိဘူးလား"

"တကယ်ပေါ့ အိမ်သည်ရယ်၊ စူဠာမုနိနဲ့ တိုင်တည်ရမလား"

"မကျိန်ဆိုပါနဲ့လေ၊ မယ်မင်းပြောရင် ငါတို့ယုံပါတယ်။ သူက ငါတို့ကို ပြောဖူးတယ်။ ပျဉ်ပြားရွာမှာ မယ်မင်းကို သူ တွေ့ခဲ့ဖူးတယ်တဲ့"

ဤတွင် အနားက ငရုတ်ထောင်းနေသော အိုပံက ရယ်ရယ်မောမော ဝင်၍ ပြောသည်။

"အို ... ဒါကတော့ မိတ်ဖွဲ့ချင်တော့ အမင်ဟောင်းယောင်ဆောင်တာ ဖြစ်မှာပေါ့။ ဒါဆို အိုခင်ငယ်တို့ ကံကြီးတာ၊ သည်လိုလူမျိုးဆို ကိုယ်ကတောင် ရှာဖွေ သိကျွမ်းရတယ် အမိ"

အိုခင်ငယ်၏ မျက်နှာမှာ ရဲခနဲ သွေးရောင် လျှမ်းသွား၏။ ဖြူဖွေးသော အသွေးအရောင်ပင် ပန်းနုရောင် သန်းသွားသည်။

"အစ်မငယ် ... သည်လို မပြည်ပါနဲ့။ ပုဂံသားကြေးက ဘာတန်သမို့ ဣန္ဒြေအဆုံးခံမှာလည်း အစ်မငယ်။ သင်းမျက်နှာပြောင်လို့ ပြောသကော ခင်ငယ်က အမှုမတွက်ပါဘူး"

အိုခင်ငယ်သည် ဟင်းအမွှေးကြိုင်မှုန့်ကို ဆက်၍ ကြိတ်မြဲ ကြိတ်နေလိုက်သည်။

အိုးကြီး၊ အိုးငယ်တို့ကို မီးကြီး ထင်းကြီးဖြင့် ချက်ပြုတ်နေသည့် အနား၊ ချရားပင် အကွယ်က တစေ့တစောင်းကြည့်နေသူကား အိုခင်ငယ်ကို မျက်ခြည်

mgyoe.com

mgyoe.com SAMPLE BOOK



မဖြတ်ချေ။ အိုခင်ငယ်တို့ ပြောသံ စကားသံကို မကြားလောက်သော်လည်း အမူအရာကို ကောင်းစွာ အကဲခတ်နိုင်လောက်သော အကွာအဝေးတွင် ရှိသည်။ သူကား သံပျင်ကြီး အနန္တသူ၏ တူတော်မောင် ငကြံတတ် ဖြစ်သတည်း။

မြတ်ရာသည် သံပျင်ကြီးနှင့် စကားပြတ်သွားသောအခါ အိမ်ဘေးဘက် ခြံထဲဆီသို့ ယောင်ပေ ယောင်ပေနှင့် လျှောက်လာခဲ့၏။ စင်စစ်သော်ကား သူ၏ စူးရှသော မျက်စိများသည် မလှမ်းမကမ်းက အပျိုအုပ်ထဲတွင် အိုခင်ငယ်ကို မြင်လိုက်မိပြီး ဖြစ်၏။

"ဟောတော့ ... ပုဂံသားကြီး ဒီမှာဘက်ကို လာနေတယ်ဟေ့"

အိုပံက လွှတ်ခနဲ ပြောကာ ပြန်ငုံ့ပြီး မမြင်ချင်ယောင်ဆောင်၍ ငရုတ်ကိုပင် မဲထောင်းနေသည်။ အိုခင်ငယ်နှင့် အိုအိမ်သည်တို့လည်း ခေါင်းတွေကို ငုံ့ကာ မသိကျိုးကျွန်နှင့် မိမိတို့ လုပ်မြဲ အလုပ်ကို ဆက်၍ လုပ်နေကြသည်။

မြတ်ရာ၏ ခြေနှစ်ဖက်သည် သူတို့နားတွင် လာရပ်ဘိ၏။ အိုအိမ်သည်သည် အသာငဲ့ကြည့်လိုက်ပြီး ယခုမှ သတိပြုမိသည်သို့ မော်ကြည့်လိုက်သည်။

"အလို ... မောင်ကြီးပါလား၊ မှတ်သိပ်ပြီလား။ ပြန်နှင့်လေ။ ကျွန်တော်မ ညစာအပို့ ရောက်ပါ့မယ်"

"စောသေးတယ်ထင်ပါ့ နှမရယ်"

မြတ်ရာသည် နှုတ်မှသာ အိုအိမ်သည်ကို ပြန်ဖြေပြီး မျက်လုံးများကမူ အိုခင်ငယ်ကို ကြည့်နေသည်ဖြစ်ရာ အိုခင်ငယ် မော့၍ ကြည့်လိုက်သည်တွင် မျက်လုံးချင်း ဆုံသွားတော့၏။ အိုခင်ငယ်၏ မျက်နှာပြင်တွင် သွေးရောင် ဖြာသွားသည်။ ချက်ချင်း ပြန်ငုံ့လိုက်၏။

"ပျဉ်ပြားရွာက ဧည့်သည်ဆို ထင်ပါ့ဗျာ"

မြတ်ရာသည် ပြောပြောဆိုဆိုနှင့် အနားတွင် ဆောင့်ကြောင့်ထိုင်ချလေသည်။ ကိုယ့်ကို ဦးတည်ပြောလာသော စကားကို ကျောခိုင်းခြင်းသည် ရိုင်းပျစော်ကားမှု တစ်ရပ် ဖြစ်သောကြောင့် အိုခင်ငယ်သည် မျက်နှာကို ကြည်လင်နိုင်သမျှ ကြည်ကြည်လင်လင်ထားပြီး လှည့်၍ ဖြေရသည်။

"ကျွန်တော်မတို့ ပျဉ်ပြားရွာက လာပါတယ်ရှင်"

"မယ်မင်းကို ကျုပ် မြင်ဖူးတယ် မှတ်ပါတယ်၊ ဘယ်အရပ်မှာ မသိ"

အမှန်ကတော့ သိလိုက်သမှ သိပ်သိသည်။ ဒီတစ်သက်တော့ မေ့တော့မည် မဟုတ်ပါ။ ဒီမျက်နှာလေးမျိုးကို အဘယ်သူ မေ့နိုင်ချေအံ့နည်း။

ဖြူးဖြူးညီသော နဖူးပြင်ဖွေးဖွေးကလေးပေါ်တွင် ဆံလျှဉ်စကလေးများ

mgyoe.com

mgyoe.com
SAMPLE BOOK


သည် လေသွေးရာ ယိမ်းငဲ့နေကြ၏။ စိမ်းမြမြမှောင်နေသော မျက်ခုံးနှစ်ခု၏အကြား မျက်မှောင်ဆီမှ ဖြောင့်စင်းသွယ်လျသော နှာတံ၊ ရာမမင်း၏ လေးကိုင်းသဏ္ဍာန် အပေါ်နှုတ်ခမ်း နီတျာရဲကလေး၊ ပြည့်ပြည့်ပုံ့ပုံ့ အောက်နှုတ်ခမ်းလွှာ။ သည့်ထက်သော်ကား ပင့်တက်ကြွဖြိုးလျက်ရှိသည့် ရွှေရင်အုံ။ ဒါတွေကို ဘယ်လို မေ့နိုင်ပါမည်နည်း။ တစ်ခုပဲရှိသည်။ ပိတုန်းရောင်သို့ နက်မှောင်ကော့ညွတ်နေသော မျက်တောင်များ၏ အောက်မှ မျက်လုံးအစုံတွင်ကား မာန်ဝင့်သည့် အသွင်ပျောက်၍ သမင်ပျို မျက်လုံးသဖွယ် စိုးရိမ်ယောင်ပြနေခြင်းပင် ကွာခြားသည်။ မျက်နှာချင်းဆိုင်မို့ လက်ယာဘက် ပါးမို့မို့ကလေးပေါ်က မှဲ့ကလေးသည်လည်း အထင်းသား ပေါ်လွင်နေချေသည်။

တွေ့ခဲ့ရသော အတွေ့သည် တွေ့ရိုးတွေ့စဉ် ဆုံရကြုံရသည့် အဖြစ်မျိုး မဟုတ်။ သူစိမ်းနှစ်ဦးကို မဆိုထားဘိ၊ သူကျက်များပင် တွေ့ရခက်လှသော အတွေ့မျိုး ... အကြုံမျိုး။ သည်လို အဆုံအစည်းမျိုးကို သူကလေးကကော မေ့ပျောက်စကောင်းမည် မထင်သညာပါ။

အိုခင်ငယ်သည် တွေ၍ ပြန်ဖြေ၏။

"အပြစ်ယူရင်လည်း ခံရမယ့်သူပါ။ ကျွန်တော်မ သညာနည်းပါးလှလို့ အစ်ကိုရင်ကို မြင်ခဲ့ဖူးတာ မသိပါ"

မြတ်ရာ၏ မျက်လုံးများမှာ ခံပြင်းသလို လင်းခနဲ ဖြစ်မိ၏။ လှပသော လုံမသည် မာယာများ ကောင်းပါ၏။ သို့တိုင်အောင် ဤမျှလောက်တော့ ပြောင်ပြောင် တင်းတင်း မငြင်းသင့်ပါချေ။

"မမှတ်မိရင်လည်း ရှိစေတော့လေ။ မေ့လျော့သူကို အပြစ်ယူတဲ့ထုံးတမ်းလည်း မရှိသမို့ မောင်ကြီးကပဲ လက်လျှော့ပါ့မယ်။ သို့ပေမဲ့ ... အခုတော့ သိကျွမ်းပြီမို့ နောက်နောင် ကြုံရတွေ့ရရင် ဒီတစ်ကြိမ်လို မမှုန်ဆန်ပါနဲ့နော်"

အိုခင်ငယ်သည် ခေါင်းကို ပြန်ငုံ့လိုက်၏။ နှုတ်မှ ရှုရှုကလေး ဖြေလိုက်သည်။

"နောင်ကို သတိရှိအောင် ထားပါ့မယ်။ ပုဂံသားတွေဓားက ထက်ပါဘိ"

"သည်လိုမပြောပါနဲ့ နှမရယ်။ မောင်ကြီးတို့ ဓားက တိုင်းတစ်ပါးသားတွေကို နှိမ်နင်းဖို့ အတွက်ပါ"

အိုခင်ငယ်သည် လွတ်ခနဲ ပြန်ပြောသည်။

"အနို့ ... အရည်းတွေဟာ မျိုးတူသားတွေ မဟုတ်လား မောင်ကြီး"

ခဏတော့ ဘာပြန်ဖြေရမှန်းကို မြတ်ရာ မစဉ်းစားတတ်ချေ။ ပြီးမှ

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ချက် အသံထွက်အောင် ရယ်သည်။

"နမက စကားအကြွယ်သားပဲ။ အရည်းတွေကို နှိမ်နင်းတာ မဟုတ်ပါဘူး။ ထီးဘုရားက တွေတော်ချတာက ပိုပြီး သိမ်မွေ့တဲ့၊ ပိုပြီး နက်နဲတဲ့ သာသနာတော်ကို ပြောင်းစေတာပဲ။ ဒီကိစ္စမှာ ကွပ်မျက်ရခြင်း၊ ဘာခြင်းလည်း မရှိခဲ့ပါကလား"

"မောင်ကြီးစကား အမှန်ပဲလား"

အိုခင်ငယ်၏ စကားအဆုံးတွင် မြတ်ရာက ဘာမျှ မဖြေခင် အိုအိမ်သည်က လည်း ဝင်ပြော၏။

"နမကလည်း အထင်တစ်မျိုးရှိတယ် မောင်ကြီး။ အထင်းသား ပြောကြားရရင် နမ အထင်ပေါ့လေ ... ထီးဘုရားဟာ အရည်းဘာသာ စွန့်တာ လောကီရေးသက်သက် ထင်ပါတယ်"

မြတ်ရာသည် အံ့အားသင့်သွားသလို အိုအိမ်သည်ဘက် လှည့်ကြည့်၏။

"သံပျင်ကြီးသမီးမို့ သုတကြွယ်ပေတယ်။ မောင်ကြီးရဲ့သဘောကို ပြောရရင် မောင်ကြီးလည်း ဒီလိုပဲ ယူပါတယ်။ ထီးဘုရားဟ လောကုတ္တရာရေး ကြောင့် အရည်းတွေကို လူဝတ်လဲစေတယ်လို့ မထင်ပါဘူး။ အရည်းတွေဟာ အတတ်ပညာတွေကို ဦးစီးဦးကိုင်ပြုပြီး ထီးဖြူအုပ်ချုပ်တဲ့ မင်းတွေကို အာဏာ ညှံ့စေရာ ရောက်တယ်။ ပေါင္ဃာလပြည်မှာဆိုရင် အရည်းတွေကိုယ်တိုင် ထီးဖြူအုပ်ချုပ်ဘုရင်လုပ်တယ်လို့ ကြားတယ်။ ပုဂံမှာ တထစ်လျှော့သေးတာ။ ဒါကိုပဲ ထီးဘုရားဟာ ဘဝင်မကျလို့ သာသနာ့အယူပြောင်းတယ် ထင်ပါတယ်"

"ဩ... မောင်ကြီး၊ ဩ ... ဩ ... နမလည်း ဒီလိုပဲ ယူပါတယ်။ သထုံ သာသနာက လောကီကို လုံးလုံးလျားလျား စွန့်ထားတော့ ထီးဘုရား ကျေနပ်တော်မူမှာပေါ့"

"ပြည်သူပြည်သားတွေကလည်း ဒီလိုပဲ ယူကြပါတယ်လေ။ သို့မို့ကြောင့်လည်း ထီးဘုရား အယူပြောင်းရာကို နောက်က ထက်ကြပ်လိုက်ပြီး မငြူစူကြတာပေါ့"

အိုအိမ်သည်နှင့် မြတ်ရာတို့ အချီအချ ပြောနေကြသည်ကို နားထောင်ရင်း အိုခင်ငယ်သည် ပင့်သက်ကလေးတစ်ချက်ချလိုက်သည်။ ပြီးမှ တစ်ခွန်းဝင်ပြော၏။

"ထီးဘုရားက တိုင်းရေးကြောင့် အယူပြောင်းတာက ဟုတ်တယ်။ လောကုတ္တရာထဲမှာ အယူနက်တဲ့ လူတွေကျတော့ အပြောင်းရ မခက်ပေဘူးလား ရှင်"

mgyoe.com

mgyoe.com SAMPLE BOOK


မြတ်ရာသည် အိုခင်ငယ်သို့ ကြည့်သည်။ သို့သော် ... အိုခင်ငယ်ကတော့ အိုအိမ်သည်သို့ ကြည့်နေသည်ဖြစ်ရကား သူ့စကားမှာ မြတ်ရာသို့ ဦးတည်ပုံမပေါ်ဟု ယူဆရမည်ကဲ့သို့ ရှိသည်။

ထို့ကြောင့်ပင် မြတ်ရာက ဖြေဆိုရန် ခပ်ဆိုင်းဆိုင်းရှိခိုက် အိုခင်ငယ်သည် လက်ထဲမှ ခွက်ငယ်ကို ယူ၍ တစ်ပါးအရပ်သို့ ထသွားလေ၏။ လုပ်စရာရှိသည်ကို ဆက်လက် လုပ်ဆောင်ရန် ထသွားခြင်းဖြစ်၍ အပြစ်မဆိုသာချေ။

မြတ်ရာသည်လည်း ထိုနေရာမှ ထ၍ ထွက်ခဲ့၏။

ထိုအခိုက် အိုအိမ်သည်က အိုပံကို လှမ်းမေးသည်။

"အမိပံ၊ သင်းတို့နှစ်ယောက်ကို ဘယ်သို့ အကဲခတ်မိသလဲ"

အိုပံသည် တွေသွား၏။ ပြီးမှ အိုအိမ်သည်၏ မျက်နှာကို ဖျတ်ခနဲကြည့်လိုက်၏။

"ဘယ်သူတွေလဲ၊ ပုဂံသားနဲ့ အိုခင်ငယ်တို့လား"

အိုအိမ်သည်က နှုတ်မှ ပြန်မဖြေဘဲ ဦးခေါင်းကို ညိတ်ပြသည်။

"လုံမက မသိတာတော့ အမှန်ပဲ။ မင်းဒလင်က တကယ်မြင်ခဲ့မိ၊ မမြင်ခဲ့မိကို မသိနိုင်။ အိုခင်ငယ်ကို အာရုံရှိပုံကတော့ ရတယ်"

"ခင်ငယ့်သဘောကိုကော အမိပံ ဘယ်လို စောကြောမိတုံး"

"လုံမငယ်တွေရဲ့စိတ်ဟာ အတွေးရတော့ ခက်တယ်၊ ဒါပေမဲ့ ပုဂံသားအာရုံရှိသလောက်တော့ သူက အာရုံရှိပုံ မရဘူး"

အိုအိမ်သည်သည် သက်ပြင်းကလေး တစ်ချက်ဆွဲ၍ ချလိုက်၏။ အိုပံကအိုအိမ်သည်ကို အကဲစမ်းရင်း တစ်ခွန်း ပြောလိုက်၏။

"ခြံထဲဝင်ရင် ကိုယ့်နွားပါ အိုအိမ်သည်ရယ်၊ သောက မဝင်စမ်းပါနဲ့"

အိုအိမ်သည်သည် မျက်ရည်ဝဲ၍ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။

"အမိပံ၊ အိမ်သည်ရဲ့ နှလုံးတွေ တုန်လှုပါဘိ။ ကြွေရတော့မယ်ချည်းထင်ရည်းနေတယ် အမိပံရယ်"

ထိုအခိုက်တွင် သူ့နားသို့ ခြေထောက်တစ်စုံ လာရပ်သဖြင့် မော့ကြည့်လိုက်ရာ ကြေးတတ်ကို တွေ့ရသည်။ အိုအိမ်သည်သည် ဣန္ဒြေကို ချက်ချင်းပြန်ဆည်လိုက်၏။

"မောင်မောင် ဘာအကြောင်းတုံး"

"အိမ်သည်၊ နင့်ကို ငါ စကားပြောစရာရှိတယ်။ ဟိုနား လိုက်ခဲ့ဘိ"

လူမြင်ကွင်းထဲက မထွက်သော်လည်း လူအနှောင့်အယှက် ကင်းသည့်

mgyoe.com

mgyoe.com  SAMPLE BOOK 

သစ်တိုပင်ကြီးနားသို့ ငကြဲတတ်က ဦးတည်၍ သွားလေရာ နမဖြစ်သူ အိုအိမ်သည်လည်း နောက်က လိုက်ပါသွားရလေ၏။

❑

အိမ်ရှေ့ဝင်းပေါက်ကို မြင်နေရသော သရက်ပင်ကြီးခြေရင်းတွင် မြတ်ရာသည် တစ်ဦးတည်း ထိုင်၍ တွေးတောနေမိသည်။

ဘာဖြစ်လို့များ သည်လုံမသည် ပြောင်ပြောင်တင်းတင်း ငြင်းဆန်နေဘိပါသနည်း။

တောကြီးမျက်မည်းထဲတွင် နှစ်ဦးတည်းဆုံ ရင်တွေခုန်ဖို့ ကောင်းပါလျက်နဲ့ သူမှာန်မလျှော့။ မာနစွယ်ရောင် ကြော့ကြော့နှင့် … 'လုံမငယ်တစ်ယောက်ကို ဖက်မိတာနဲ့ မလွတ်နိုင်တာဟာ သူရဲဘောနည်းလို့ရင် ဖြစ်ကောင်းတယ်၊ သို့မှမဟုတ် ရာဂနိုင်ငံ လိုက်စားလွန်းသည် ထင်မှတ်ပါတယ်' ဟု ဝံ့ဝံ့စားစား ကျောက်စီတေးကိုမှ ထောက်ထားမှုမရှိ ပြောဝံ့ ဆိုဝံ့ခဲ့သည်။ သည်စကားတွေကို သည်တစ်သက် … ပျောက်ပျက် မေ့လျော့ခြင်း ဘယ်တော့မှ ရှိမည် မဟုတ်။

သည်မျှလောက် ဝံ့စားဝံ့ရဲ ရှိပါလျက် ကြောက်စရာဆေးသည့် လူသူလေးပါးရှေ့တွင်တော့ သမင်ပျိုမျက်လုံး ဣန္ဒြေတွေ ဖုံးလုပါဘိသည်။

လူတွေရှေ့တွင်မို့လား။

မဟုတ်နိုင်သေးပါ။ လူတွေရှေ့တွင်မို့ လုံမပျိုတစ်ယောက်ရဲ့ သိက္ခာကို မဖျက်ချင်လျှင်လည်း 'မှတ်မိသယောင်တော့ ရှိပါတယ်။ အမည်နာမ အတိအကျမသိခဲ့ပါ' ဆိုလျှင်လည်း ပြီးစီးနိုင်သည် မဟုတ်ပါလော။

ယခုတော့ လုံမစကားသည် နှစ်ခွတွင်သာမက သုံးခွ၊ လေးခွ ပြားခဲ့ရပါပြီကော အိုခင်ငယ်။

"တောက် …"

မြတ်ရာသည် ခံပြင်းစွာနှင့် တက်တစ်ချက် ခတ်မိသည်။ အချစ်ကို အလိမ္မာနဲ့ ဖက်၍ ပြသည်ကို လူညံ့တစ်ယောက် ထင်လေရော့သလား အိုခင်ငယ်။ တောထဲမှာကဲ့သို့ပင် ကြမ်းကြမ်းတမ်းတမ်း မင်း ငါ့လက်က ပြေးနိုင် ပြေးစမ်း ဘဘောနဲ့ ကျောပြင်က သိုင်းဖက်ထားမှ မျက်ထားတော်ချိုမယ့် ပျိုလုံမပေလား ခင်လှငယ်။ စစ်ပြိုင်ဟန်မှာ မတွန့်သလို အချစ်နိုင်ငံမှာလည်း မရှုံးဘူး ခင်လှငယ်။ သည်ပုံမျိုးမှမှန်းရင် သည်လမ်းကိုပဲ လိုက်မှာပ။

mgyoe.com